mgyoe.com

ပီမိုးနှင်း




# ကြီးကြီးကျယ်ကျယ်ကြံကြစမ်းပါ

နှင့်

## အခြားဆောင်းပါးများ

mgyoe.com

mgyoe.com



ကြီးကြီး
ကျယ်ကျယ်
ကြံကြံစမ်း
ပါ နှင့်
အခြားဆောင်းပါးများ

ပီမိုးနင်း

PMN0006
2,300.00 KS

mgyoe.com

ကြီးကြီးကျယ်ကျယ်ကြံကြစမ်းပါနှင့် အခြားဆောင်းပါးများ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၁၅၁၁၀၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၂၂၃၁၁၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို **m.s.o** ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဖန်နဝါရီလတွင် တန်ဖိုး ၂၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကိန်းသေကြွယ်ဝနည်း | ၁ |
| ၂။ | ကျွန်ုပ်သည် ငါးထောင်စားထက် အောင်မြင်၏ | ၄ |
| ၃။ | ငွေ | ၇ |
| ၄။ | ငွေ့ရှင် | ၁၁ |
| ၅။ | စိတ်ချ လုံခြုံရေး | ၁၃ |
| ၆။ | စွန့်စားခြင်း | ၁၇ |
| ၇။ | ဆရာကောင်းလိုသည် | ၂၁ |
| ၈။ | ဆွေမျိုးချစ်မှ မျိုးချစ် | ၂၃ |
| ၉။ | နိုင်ငံခြားကို သွားကြ | ၂၆ |
| ၁၀။ | ပညာရှိ | ၂၉ |
| ၁၁။ | ဘာကြောင့် ပီမိုးနင်း ဖြစ်ရသနည်း | ၃၁ |
| ၁၂။ | မြန်မာ့ခွဲ | ၃၇ |
| ၁၃။ | လုပ်မယ် | ၄၄ |
| ၁၄။ | သာယာခြင်း | ၅၄ |
| ၁၅။ | အချစ်စိတ် ဆိုင်ကိုလိုဂျီ | ၅၈ |
| ၁၆။ | အလုပ်ရအောင် ရှာနည်း | ၆၂ |
| ၁၇။ | အောင်မြင်လိုသူတိုင်း စနစ်ရှိကြပါစေ | ၇၃ |
| ၁၈။ | ကျွန်စိတ်ရှိကြသလား | ၇၇ |
| ၁၉။ | မယားကောင်းလင် | ၈၀ |
| ၂၀။ | ဆင်းရဲစိတ်ကို ဖျောက် | ၈၄ |
| ၂၁။ | စကားပြောနည်း | ၈၉ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၂၂။ | ကြီးကြီးကျယ်ကျယ် ကြံကြစမ်းပါ | ၉၅ |
| ၂၃။ | ကြီးပွားခြင်း | ၉၈ |
| ၂၄။ | ဘာလိုနေသလဲ | ၁၀၁ |
| ၂၅။ | တက်ခေတ် ဘယ်မှာလဲ | ၁၀၅ |
| ၂၆။ | ဖွဲဆိုမှ ဖွဲ | ၁၀၈ |
| ၂၇။ | သောကကင်းဝေးနည်း | ၁၁၁ |
| ၂၈။ | ငွေကို စိတ်ဖြင့်ဆွဲပုံ | ၁၁၃ |
| ၂၉။ | ငွေ့ရှင်ဖြစ်နည်း | ၁၁၆ |
| ၃၀။ | ဝိုင်ယာလက်စိတ် | ၁၁၉ |
| ၃၁။ | ထူးသောသတ္တိတစ်မျိုး | ၁၂၄ |
| ၃၂။ | အိပ်မက်ကြောင့် | ၁၃၂ |
| ၃၃။ | အဆုတ်ရောဂါ ကွယ်ပျောက်နိုင်သည့် နည်းလမ်းကောင်း | ၁၃၆ |
| ၃၄။ | တက်လူကလေးများ | ၁၃၉ |
| ၃၅။ | ပန်းသစ်သီး စိုက်ပျိုးခြင်း | ၁၄၂ |
| ၃၆။ | နှောင်ရေးကို မျှော် | ၁၄၆ |
| ၃၇။ | စိတ်ကို ဆေးကုနည်း | ၁၅၁ |
| ၃၈။ | စာဖတ်ကြပါ | ၁၆၅ |
| ၃၉။ | အဘယ့်ကြောင့် စာဖတ်ရမည်နည်း | ၁၆၉ |
| ၄၀။ | စာရေးဆရာအလုပ် | ၁၇၃ |
| ၄၁။ | ဝတ္ထုရေး ဆရာများ | ၁၇၆ |
| ၄၂။ | ခေတ်စမ်းကဗျာ ဝေဖန်စာ | ၁၇၉ |
| ၄၃။ | ခေတ်စမ်းပုံပြင် ဝေဖန်စာ | ၁၈၄ |
| ၄၄။ | အတုမခိုးနဲ့ | ၁၈၈ |
| ၄၆။ | စာအကြောင်း | ၁၉၁ |
| ၄၇။ | မိုးညွင်းတရားနှင့် ကာလပေါ်ဝတ္ထုများ | ၁၉၇ |
| ၄၈။ | မျက်နှာဖုံးနှင့် အယ်ဒီတာကြီးများ | ၁၉၉ |
| ၄၉။ | သတင်းစာ | ၂၀၃ |


mgyoe.com

mgyoe.com

# ကိန်းသေ ကြွယ်ဝနည်း

မည်သူမဆို ကြွယ်ဝလို၏။ အဘယ်ကြောင့် ကြွယ်ဝလိုပါသနည်း။ သုံးစွဲချင်သည်။ ခမ်းနားကြီးကျယ်ချင်သည်။ သို့အတွက် ကြွယ်ဝချင်သည်ဟု ပြောရပေလိမ့်မည်။

မှန်၏။ ဤစိတ်အတိုင်း တစ်သမတ်တည်း ရှာဖွေစုဆောင်းက ဧကန်ကြွယ်ဝရမည်။ ပညာဉာဏ်ကြီးမားဖို့မလို၊ အလွန်အကျူး အထူးကြိုးစားအားထုတ်၊ တကုပ်ကုပ် လုပ်ကိုင်ဖို့မလိုဘဲလျက် အမှန်ဧကန် အလိုပြည့်ဝစေနိုင်သောနည်းသည် လောက၌ မျက်မြင်ထင်ရှား ရှိ၏။ အမြဲအားဖြင့်လည်း တွေ့ကြုံ၍ နေကြရလေသည်။

ထိုနည်းကား အခြားမဟုတ်။ သုံးစွဲချင်သောစိတ်၊ ခမ်းနားကြီးကျယ်လိုသောစိတ်ကို ချုပ်တည်း၍ထားခြင်းပင် ဖြစ်လေသည်။

ချက်ချင်း သုံးစွဲချင်လျှင် တစ်သက်လုံးဖြစ်တော့မည် မဟုတ်ပေ။ ချက်ချင်း ခမ်းနားကြီးကျယ်ချင်လျှင် တစ်သက်လုံး အဘယ်သောအခါမျှ ကြီးကျယ်တော့မည် မဟုတ်ပေ။

ချက်ချင်းသုံးစား၊ ချက်ချင်းခမ်းနား၍ နေသူများမှာကား အဘယ်ပြောဖွယ်ရာ ရှိပါတော့မည်နည်း။

လောက၌ ဂဏန်းအတွက်ကောင်းသူများသည် သူဌေးသူကြွယ်ကြီးများ ဖြစ်တတ်ကြ၏။ အသုံးအစားကို တွက်ချက်လေ့ရှိသူများကား အဘယ်သောအခါမျှ ဆင်းရဲနိုင်မည်မဟုတ်ပေ။ မဆင်းရဲလျှင် လက်ဝယ်ငွေကြေးရှိရမည်။ ရှိလျှင် ကိန်းသေ တိုးပွားသောနည်း ရှိရမည်။ ချက်ချင်း ကြီးကျယ်ချင်သောစိတ်ကိုသာ ချုပ်ဖို့ရှိလေသည်။

ကုလား၊ တရုတ် လူမျိုးကွဲများသည် စီးပွားကို စ၍ရှာကြစဉ် မိမိတို့၏ခါး၌

mgyoe.com

mgyoe.com

ပိုက်ဆံအဘာယ်နှစ်ပြားရှိသည်။ မူးစေ့ အဘာယ်နှစ်စေ့ရှိသည်။ ဒင်္ဂါး ကျပ်ပြား အဘာယ်နှစ်ပြားရှိသည်ကို အမြဲတွက်စစ် မှတ်သားထားလေ့ရှိကြလေသည်။ ၎င်းတို့၏စိတ်၌ ခါးထဲက အစေ့အဆံကလေးတွေ တစ်ပြားပြီးတစ်ပြား တိုးပွားဖို့ရန် ကျိုးကန်းမျက်စိနှင့် ကြည့်ကြ၏။ ချက်ချင်းမသုံးရက်၊ ချက်ချင်းကြီးကျယ်ရန် မမျှော်လင့်၊ တစ်နေ့သ၌ တိုက်တည်မည်၊ တစ်နေ့သ၌ ကားဝယ်မည်။ တစ်နေ့ တစ်လံ ပုဂံဘယ်ပြေးမလဲ၊ တစ်နေ့တစ်ပြား သူဌေးမဖြစ်ဘဲ နေမလားဟူသော ကိန်းသေနည်းကို လက်ကိုင်ပြုကာ ပစ္စည်းကို ရှာကြလေသည်။

ကျွန်ုပ်တို့လူမျိုးကား ကူလီအောက်တန်းစား ဖြစ်စေကာမူ လက်ဖက်ရည်ဆိုင်ကို ရောက်လျှင် သူပေးမယ်..ငါပေးမယ် သူ့ထက်ငါ လျင်မြန်သောလက်နှင့် အိတ်ထဲကို နှိုက်လေ့ရှိကြလေသည်။ ဝတ်စားနေထိုင် သုံးစွဲပုံမှာ လူချမ်းသာများနှင့် မခြားပေ။

ထိုကဲ့သို့ သုံးစားခြင်းသည် ချက်ချင်းကြီးကျယ်လိုခြင်းမဟုတ်၊ ချက်ချင်းကြီးကျယ်ခြင်းဖြစ်ရာ အဘယ်သောအခါမှာ တကယ် ကြီးကျယ်နိုင်ပါတော့မည်နည်း။

ကြွယ်ဝလိုခြင်းသည် သုံးချင်၊ စားချင်၊ ကြီးကျယ်ချင်သောကြောင့် ဖြစ်၏။ သုံးချင်၊ စားချင်၊ ကြီးကျယ်ချင်ပါသည်ဟု ပြောလျက် ချက်ချင်းသုံးစား၊ ချက်ချင်းကြီးကျယ်၍နေချေက အဘယ်သို့လျှင် နောင်အခါ၌ ကြီးကျယ်နိုင်ပါတော့မည်နည်း။

ယခုကြီးကျယ်က နောင်မကြီးကျယ်နိုင်၊ ယခု မကြီးမကျယ်က နောင် ကြီးကျယ်နိုင်မည်ဟု မှတ်ကြရမည်။ ကျွန်ုပ်တို့လူမျိုးမှာ မည်သူမဆို ယခုအခါ ကြီးကျယ်၍နေကြ၏။ သို့အတွက် နောင် ကြီးကျယ်မည့်သူ လွန်စွာနည်းပါး၍ နေလေသည်။

အချို့လည်း အစ၌ လွန်စွာခြိုးခြံ၏။ လွန်စွာချွေတာ၏။ အလုပ်ကို ပိပိပြားပြား သေဝပ်စွာလုပ်၏။ ၎င်းတို့မှာ ကူလီလို ဆင်းရဲရာမှ လက်ဝါးနှင့်ထ၍လုပ်ရာ ငွေကလေး ငါးထောင် တစ်သောင်း ဖြစ်သည်နှင့်တစ်ပြိုင်တည်း မော်တော်ကားစီးကြသဖြင့် အလုပ်မှာ အားပြတ်ပြီး တိုးတက်ခြင်းအရှိန်ကို သတ်ကြလေသည်။

မော်တော်ကားတစ်စင်းကို တစ်နှစ် နှစ်နှစ်ထက် ကြာစွာ ပို၍စီးသူများအား ဧကန်တစ်ခုခုဖြစ်ပြီ၊ ငွေကျပ်ပြီ၊ အလုပ်မဟန်လို့ဘဲဟု ပြောကြသည်ဟု သတင်းစာတစ်စောင်၌ ဖတ်ရဖူးလေသည်။

ထိုစကားသည် မှန်လိမ့်မည်ဟု အောက်မေ့၏။ အကြောင်းမူကား အမေရိကန်တိုင်းမှာ ကားအလုပ် လွန်စွာကြီးကျယ်လေရာ ကျွန်ုပ်တို့တိုင်းပြည်မှာထက်

mgyoe.com

mgyoe.com

ကားများပေါ်မည်ကား ယုံးမှားဖွယ်မရှိပေ။ ကားများ ပေါ်သလောက် ငွေကြေးလည်း ပေါ်များလေသည်။

ငွေငါးထောင် တစ်သောင်းမျှနှင့် ကားစီးချင်က ကားကောင်းကို စီးရမည်မဟုတ်။ အကျအနသာ စီးရလေသည်။ ဘာလုပ်မလဲ၊ အကောင်းကို မစီးရက မစီးဘဲနေခြင်းက ပို၍မကောင်းပါလော။ ထို့ပြင် အာမခံစရိတ်၊ ပြင်ရသော စရိတ်၊ ဟောင်းလျှင် အသစ်ဖြစ်အောင် လုပ်ရသောစရိတ်တွေလည်း ရှိလေသည်။ မော်တော်ကားမရှိက အလုပ်မလုပ်နိုင်အောင် အရေးကြီးသူများမှာကား အဘယ်လိုကားကိုပင် သုံးစေကာမူ အရေးမကြီးပေ။ သို့ဖြစ်လေရာ နောင် ကြီးကျယ်လိုက ကြီးကျယ်ဖို့ရန် ရှေ့လောမကြီးအပ်ပေ။ "မော်တော်ကားကို ရှောင်၊ အိုအောင် မဆင်းရဲ"ဟူ၍ပင် ပြောလိုက်ချင်လေသည်။

"အလှူအတန်းမှာလည်း ညောင်စေ့လောက်လှူလျှင် ညောင်ပင်လောက် အကျိုးကြီးနိုင်သည်"ဟူသော စကားရှိရာ မိမိနိုင်သည်ထက် အဆမတန် ပိုမိုကြီးကျယ်စွာ လှူခြင်းသည် ချက်ချင်းကြီးကျယ်ခြင်းပင် ဖြစ်လေသည်။ ယခု လှူသော်လည်း သေပြီးသောအခြားမဲ့ဘဝ၌ ချက်ချင်းသူဌေးဖြစ်မည်ဟု မဆိုနိုင်။ မိမိလှူသော အလှူ ကုသိုလ်အကျိုးဆက်နှင့် ကြုံကြိုက်သောဘဝမှာသာ အကျိုးခံစားရပေမည်။

လူမှန်သမျှ ရှေးက အကြီးအကျယ် လှူခဲ့ဖူးသူများသာ ဖြစ်ကြသည်။ စကြဝတေးမန္ဓာတ်ပင် ဖြစ်ခဲ့ကြလေရာ သူဌေးဘဝကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် မရဘဲ ရှိနိုင်ပါမည်လော။ သို့ဖြစ်လေရာ မလှူခဲ့ရ၊ မတန်းခဲ့ရသော ဘဝများသလောက် လှူခဲ့ တန်းခဲ့ရသော ဘဝတွေ မများဘူးဟု မဆိုနိုင်ပေ။

သို့ဖြစ်လေရာ ငါ တစ်သိန်းကုန် တစ်သန်းကုန် လှူနိုင်သော အခြေကျလျှင် လှူမည်၊ ယခုကား ပကာသနနှင့် အားကျ၍ မလှူ မည်သူ၏မြှောက်ပင့်ခြင်းကိုမျှ ငါ နားမထောင်၊ ငါ တတ်နိုင်သမျှသာ လှူမည်၊ သဒ္ဓါစိတ်သာ လိုရင်းဖြစ်သည်ဟု သတိပြုကာ ပကာသနဖြင့် ယခုချက်ချင်း မကြီးမကျယ်လိုက ဇကန်ဒိဋ္ဌ နောင်သော အခါ ကြီးကျယ်ရမည်သာတည်း။

ဘားမားဂျာနယ်(ဒုတိယတွဲ နံပါတ် ၅)

၁၀-၇-၁၉၃၇ ခုနှစ်

❑

mgyoe.com

mgyoe.com

# ကျွန်ုပ်သည် ငါးထောင်စားထက် အောင်မြင်၏

ပဲပြုတ်နှင့် ထမင်းကြော်ထက်
ပေါင်မုန့်နှင့် ကော်ဖီရည်က ပို၍ကောင်းသလား။

စာရေးဆရာအချို့သည် ဟောချိုသာနေကြ၏။ ၎င်းတို့ကိုယ်တိုင် ဖြစ်မြောက်အောင် တစ်စုံတစ်ရာ မလုပ်နိုင်ဘဲလျက် ဟော၍နေကြသည်။ သင်းတို့ကော ဘာဖြစ်မြောက်သလဲဟူသော စကားမျိုးကို စဉ်းစားဉာဏ်မရှိသူ အချို့တို့က ပြောကြလေသည်။

စာရေးဆရာများ၏ အလုပ်သည် စာရေးခြင်းဖြစ်၏။ စာရေးခြင်းဆိုသည်မှာ အကျိုးမဲ့စာတွေကို ရေးခြင်းမဟုတ်။ ဖတ်သူများ အကျိုးခံစားရဖို့ စာများ၊ လိမ္မာဖို့ စာများကို ရေးကြရလေသည်။ စာရေးဆရာများ စာအုပ် ပုံနှိပ်၍ မရောင်းတတ်သောကြောင့် ကဲ့ရဲ့စရာမဟုတ်။ စာရေးဆရာသည် မိမိ၏စာရေးခြင်းအလုပ်တာဝန် ကျေပွန်၍ တိုင်းပြည်မှာ အကျိုးဖြစ်စေသည်၊ မဖြစ်စေသည်ကိုသာ စဉ်းစားဖို့ လိုလေသည်။

ကျွန်ုပ်တို့လို စာရေးဆရာမျိုးမှာ အခြားတိုင်းပြည်များတွင် လူဖြစ်လျှင် သုံးချင်သလိုသုံး၊ သောက်ချင်သလိုသောက်၊ စားချင်သလိုစား၊ ယခုလို ဆင်းရဲကြဖို့မရှိပေ။ ကျွန်ုပ်တို့၏ မကြွယ်ဝခြင်းသည် ကျွန်ုပ်တို့၏တာဝန် မကျေသောကြောင့်မဟုတ်။ ကျွန်ုပ်တို့ကို ကဲ့ရဲ့ပြောဆိုကာ မှောင်ကိုကြိုက်လျက် မိုက်၍နေသူများ၏ အပြစ်သာဖြစ်လေသည်။

ပုံနှိပ်ရောင်းချသူများမှာလည်း ငွေကုန်ခံကာ တိုင်းပြည်ကို လင်းနေအောင် ကြိုးစားကြသော်လည်း မှောင်ထဲမှ မထွက်လိုကြသောလူမျိုး၏ တိုင်းပြည်ဖြစ်သောကြောင့် ၎င်းတို့မှာလည်း မချမ်းသာသဖြင့် စာရေးဆရာများအား တန်သလောက်

mgyoe.com

ပူဇော်ခြင်း မပြုနိုင်ကြပေ။

စာရေးဆရာသည် ကလောင်ကိုကိုင်ကာ ထိုင်လိုက်သည်နှင့်တစ်ပြိုင်တည်း လောကဓာတ်တစ်ခုလုံးနှင့် ပတ်သက်သည့် ရေးစရာတွေ စိတ်ထဲသို့ အလိုလိုရောက်၍ လာ၏။ သို့ဖြစ်လေရာ ကုန်သည်ဉာဏ်သမားပင် မဟုတ်သော်လည်း ၎င်းတို့မှာ အကျိုးပိုမို၍များစေနိုင်သော အကြံသစ် ဉာဏ်သစ်များကို ပေးနိုင်၏။ စာရေးဆရာသည် မိမိနှင့်မဆိုင်သော တိုအလုပ်များကို စိတ်၌မထား၊ ထိုအလုပ်နှင့် ဆိုင်သူများအတွက် ရေးပြီး မေ့လျော့ဖျောက်ဖျက်၍ ပစ်လေ့ရှိလေသည်။

ထိုမဆိုင်သော အကြောင်းအရာတွေကိုသာ တွေးကြံ၍နေက အဘယ်မှာ စာရေးဆရာကောင်း ဖြစ်နိုင်ပါတော့မည်နည်း။ ရေးသောအကြောင်းအရာများမှာ တင်ကြိုကြံစည်ထားသော အကြောင်းအရာများမဟုတ်၊ ရေးသောအခါမှသာ ပေါ်လာ၍ ရေးပြီးသောအခါ ပျောက်ပျက်လေသည်။

အကယ်၍ ငါ ဘာကိုရေးရပါမလဲဟူ၍သာ ရှာကြံ၍နေရချေက စာပေကို အဘယ်မှာ လိုက်စားနိုင်ပါတော့မည်နည်း။ စာသမားသည် ဘယ်မှာ စာအုပ်အသစ်အဆန်း ပေါ်သည်၊ ဘယ်သတင်းစာ၌ ဘယ်ဆောင်းပါးရှင်တော်သည်၊ ဘယ်စာအုပ်မှာ ဘာအပြစ်တွေရှိသည်ဟူသော အကြောင်းတို့ကိုသာ ရှာကြံ၍နေ၏။

ဆီဈေး၊ ဆန်ဈေးကို တွေး၍နေသည်မဟုတ်ပေ။ သို့သော်လည်း ဆန်နှင့်ပတ်သက်၍ ရေးဖို့ရာ အခါအခွင့်ကြုံသည့်အခါ ထိုအလုပ်များကို လုပ်၍နေသောသူ မမြော်မမြင်သည့် အချက်အလက်များကို ရေးဖော်ပြနိုင်သော သတ္တိကို တစ်နည်းနည်းနှင့် ရကြ၏။ သဗ္ဗညုတဉာဏ်တော်ကြီးကို ရသည်မဆိုလို။ ပညာရှိမှန်က အဘယ်အကြောင်းအရာမှာမဆို အကြံဉာဏ်ပေးနိုင်လေသည်။

ကိုယ်တိုင် မသိက၊ သိသူများကို မေးရ၏။ စုံစမ်းတန်က စုံစမ်းရလေသည်။ သို့သော်လည်း စာရေးဆရာမှာ ရေးဖို့သာ တာဝန်ရှိ၏။ စုံစမ်းပြီး မဂိုတန်းကိုသွားကာ Gamble လုပ်ဖို့ တာဝန်မရှိပေ။

သို့သော်လည်း ထိုအလုပ်များကို လုပ်သူများထက် စာရေးဆရာများ သာသောအချက်မှာ ကုန်အရောင်းအဝယ်နှင့်ဆိုင်သော လောင်းကစားသမားတွေ မွဲပြာ၍ သွားကြသော်လည်း စာရေးဆရာများ မမွဲနိုင်၊ မပြာနိုင်၊ မြန်မာပြည်မှ ဖို့ သူဌေးမဖြစ်ဘဲသာ နေကြရလေသည်။

ကျွန်ုပ်သည် အောင်မြင်ခြင်းအကြောင်းကို အမြဲရေးခဲ့၏။ အနို့ ခင်ဗျားကော အောင်မြင်ပါရဲ့လားဟု မေးကြပါစေ။ ကျွန်ုပ်ထက် အောင်မြင်သူ မရှိဟု ကျွန်ုပ် ပြောဝံ့၏။ စာအုပ်ကြီးငယ်ပေါင်း ခြောက်ရာကျော်ရေးခဲ့ရာ ကဲ့ရဲ့ခြင်းကို ခံရသော

mgyoe.com

mgyoe.com

စာအုပ်ပေါင်း ဒါဇင်ဝက်ခန့်သာရှိပေမည်။

တိုင်းပြည်များ၏ မျက်လုံးတွေ မြောက်မြားစွာ ပွင့်ကြလေသည်။ အမှန်ကို ပြောခြင်းသည် ကြွားခြင်းမဟုတ်။ အတွေးအခေါ် အဆင်ခြင်ဉာဏ်ကင်းမဲ့သူများ လိမ္မာပါစေဟူသော စေတနာနှင့် အမှန်ကိုပြောခြင်းဖြစ်၏။ ကျွန်ုပ်သည် ငါးထောင်စားထက် အောင်မြင်၏။ ငါးထောင်စားတွေ၊ သူဌေးကြီးတွေ ပျောက်ကွယ်၍ သွားသောအခါ ကျွန်ုပ် မပျောက်မကွယ်၊ ပို၍ပင် ပေါ်ကောင်း ပေါ်လိမ့်မည်။

ကျွန်ုပ်ကဲ့သို့ အလားတူ စာရေးဆရာကြီးများလည်း မိမိတို့ကိုယ်ကို ငါးထောင်စားထက် အောင်မြင်သူများ၊ အိုင် စီ အက် များထက် အောင်မြင်သူများဟု ယုံကြည်စိတ်ချကာ ပဲပြုတ်နှင့်ထမင်းကြမ်းကို စားရင်း စိတ်ကြီးဝင်စေချင်၏။ ကျွန်ုပ်ကား နံနက်တိုင်း လက်ဖက်ရည်ကြမ်း၊ ပဲပြုတ်၊ ထမင်းကြော်ကို ပွဲတော်တည်ရင်း အလွန်စိတ်ကြီးဝင်၍နေ၏။

ကျွန်ုပ်နေသော နေရာသည် လွန်စွာသေးနုပ် သိမ်ငယ်၏။ ကျွန်ုပ်၏ ကိုယ်ခန္ဓာကား တစ်နေ့တခြား ဝ၏။ ပြောင်၏။ ဆူ၏။ အကောင်းမှ စားတာကိုး။ မကောင်းလျှင် မျိုမကျ၊ မျိုမကျက စာမရေးနိုင်။ မရေးနိုင်လျှင် တိုင်းပြည်က ပီမိုးနင်း၏စာ အသစ်အသစ်ကို အဘယ်မှာ ဖတ်ရပါတော့မည်နည်း။ ပဲပြုတ်နှင့်ထမင်းကြော်ထက် ပေါင်မုန့်ကဲ့ ပို၍ကောင်းသေးသလား။ ကော်ဖီရည်က ပို၍ မြတ်သေးသလား။

နံပါတ် ၃၆၊ ဘားမားရှာနယ်၊
၆–၂–၁၉၃၇။

❑

mgyoe.com

# ငွေ

ပစ္စည်းဥစ္စာ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးကား တစ်ဦးတည်းပိုင် ဥစ္စာတစ်မျိုး၊ အများပိုင်ဥစ္စာ(ဝါ)တိုင်းပြည်ပိုင်ဥစ္စာတစ်မျိုး၊ ထိုနှစ်မျိုးတည်း။

ထိုနှစ်မျိုးအနက် တစ်ဦးတည်းပိုင်ဥစ္စာသည် တစ်ဦးတစ်ယောက် ထင်သလို အသုံးပြုနိုင်သဖြင့် အများအားဖြင့် အသုံးထက် အဖြုန်းက ပိုမို၍များလေသည်။

သို့အတွက် အကျိုးစီးပွားဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းပေ။ အများပိုင် ပစ္စည်းများမှာ နေရာတကျအသုံးပြုက အများအတွက် အကျိုးစီးပွား မြောက်မြား စွာ ဖြစ်ထွန်းနိုင်သည်။

## အသုံးကောင်း အသုံးမှန်

ပစ္စည်းဥစ္စာကို ခက်ခဲပင်ပန်းစွာ ရှာကြရ၏။ သုံးရာ၌ကား လွယ်ကူစွာ အမှတ်မဲ့ သုံးလေ့ရှိကြလေသည်။ ဤကား ဓမ္မတာပင်။ အကြောင်းမူကား အများ လူတို့၏စိတ်၌ ပစ္စည်းဥစ္စာရအောင် ရှာခြင်းလည်းခက်၏။ သုံးစွဲခြင်းကား လွယ် သည်ဟု မှတ်ထင်ကြလေသည်။ စင်စစ်မှာကား ရအောင်ရှာခြင်းထက် များစွာပို၍ ခက်လေသည်။ လှူဒါန်းပေးကမ်းခြင်းထက် ကောင်းသောသုံးနည်းမရှိဟု အများ မှတ်ထင်ကြ၏။ လှူဒါန်းပေးကမ်းခြင်းသည်လည်း လွယ်ကူသောနည်းမဟုတ်ပေ။ လှူဒါန်းသူ၏စိတ်၌ကား ငါ အလှူပေး၏ဟူသော စိတ်သာကျန်ရှိ၏။ ပေးသော အလှူကား အလှူခံသူများနှင့်တကွ များစွာသော အခြားသူများအတွက် အကျိုး စီးပွား ပျက်ရာပျက်ကြောင်းဖြစ်စေသည့် နည်းမျိုးဖြစ်နိုင်လေသည်။ သို့ဖြစ်လေရာ ပညာရှိ လူလိမ္မာ အမြော်အမြင်ရှိသော ငွေရှင်သည် ငွေ၏ အသုံးခက်ကြောင်းကို မလိမ္မာသော ငွေရှင်ထက် ပိုမို၍ သိသဖြင့် သုံးစွဲရာ၌ ပိုမို၍ ကြောက်ရွံ့ကြလေ သည်။

mgyoe.com

mgyoe.com

အကြောင်းမူကား ငွေသည် အခါများစွာ အဆိပ်ဖြစ်တတ်လေသည်။ ယောကျ်ားများ၏ အချိန်သည် ငွေကို ရအောင်ရှာခြင်း၌ အများဆုံးကုန်လွန်၏။ အသုံးကိုကား အိမ်ရှင်မများသာ ပိုမို၍ စဉ်းစားခွင့်ရကြလေရာ ယောကျ်ားများက ရှာကြ၏။ မိန်းမများက သုံးကြ၏။ ယောကျ်ားများသည် ငွေကို ကိုယ်တိုင်ရအောင် ရှာကြ၏။ သုံးစွဲခြင်းအလုပ်ကိုကား ကိုယ်စားလှယ်နှင့် လုပ်ကြ၏။ ထိုကိုယ်စားလှယ်ကား မယားဖြစ်လေသည်။ အဘယ်နည်းကြောင့် အသုံးကောင်း အသုံးမှန်ဖြစ်နိုင်ပါမည်နည်း။

## ကြောက်မက်ဖွယ်ကောင်းခြင်း

သို့သော်လည်း ငွေ၏တန်ခိုးသည် အကောင်းလည်းရှိ၏။ အဆိုးလည်းရှိလေသည်။ ငွေ့ရှင်များသည် မိမိတို့၏ငွေကို အဆိပ်ရှိသောသတ္တဝါ၊ ကိုက်တတ်သောခွေးကဲ့သို့ သဘောထားကာ စိုးရိမ်သောစိတ်၊ ကြောက်သောစိတ်ကို အများထားအပ်ကြလေသည်။ ငါ ငွေရှိသူ၊ ငါ တန်ခိုးကြီးသည်။ ငါ ဘာမှ ကြောက်စရာမရှိဟု မထင်အပ်ကြပေ။ ဤ ငွေပင်လျှင် ကြောက်မက်ဖွယ်ဖြစ်ကြောင်း အမြဲဆင်ခြင်အပ်ကြလေသည်။ ငွေ့ရှင်သည် အရာရာမှာ စီးနိုင်၏။ စီးချင်၏။ စီးလည်းစီး၏။ ငွေရှင်သည် စကား၌စီး၏။ အလုပ်၌စီး၏။ တရား၌စီး၏။ မိမိပြောသမျှ မှန်သည်။ မိမိလုပ်သမျှ ဟုတ်သည်။ မိမိသာ သူတော်ကောင်း၊ မိမိသာ သူမြတ်၊ မိမိသာလျှင် လောကကြီးကို ကောင်းအောင်လုပ်နေသည်ဟု တွေးမြဲဖြစ်လေသည်။ တွေးသည့်အတိုင်းလည်း အတော်အတန်မှန်သည့်အခါ မှန်တတ်၏။ သို့သော်လည်း မိမိ၏မတရားမှု၊ မိမိ၏ ဖိစီးမှု၊ မိမိ၏ဆိုးသွမ်းမှုများကိုကား တရားအောင်၊ ညာတာရာရောက်အောင်၊ ကောင်းမှုဖြစ်အောင်တွေးကာ စိတ်ကို ဖြေတတ်လေသည်။ ဤကား ပုထုဇဉ်တို့၏ ဓမ္မတာတည်း။

ငွေသည် ဆိုးဝါးယုတ်မာမှု၊ မတရားမှုများကို အကြီးအကျယ်ပြုအောင် ငွေရှင်ကို သွေးဆောင်နိုင်လေသည်။ အပျော်အပါး၌လည်း ကိုယ်တိုင်နှင့်သူတစ်ပါး၊ သူအများကို အကြီးအကျယ်ထိခိုက်အောင် ကျူးလွန်စေနိုင်၏။ ငွေပြကာ သားပျိုသမီးပျိုများကို ဖျက်ဆီးသူများ ငွေအစွမ်းဖြင့် ဆိုးယုတ်မာသော ကံကြီးများကို ကျူးလွန်ချေက ထိုကဲ့သို့သော ငွေရှင်များသည် မိမိတို့၏အပြစ်ကို အဘယ်မျှပင် ပေါ့၍ တွေးစေကာမူ၊ အဘယ်မျှပင် လှူဒါန်းပေးကမ်းစေကာမူ 'နမေးဇစ်'ခေါ် တန်ပြန်၏ဘေးမှ လွတ်မည်မဟုတ်ပေ။

mgyoe.com

ငွေ့ကျွန်များ

ငွေသည် အဘယ်မျှပင် တန်ခိုးကြီးသော်လည်း ကြီးသောတန်ခိုးအစွမ်းဖြင့် မိမိ၏ပိုင်ရှင်အား မကောင်းမှုကို ပြုစေသည့်အခါ၌ ထိုမကောင်းမှု၏ တန်ပြန်ဆားမှုကား မိမိ၏သခင် ပိုင်ရှင်ကိုလွတ်အောင် အဘယ်သောအခါမျှ တတ်နိုင်မည်မဟုတ်ပေ။ ငွေကို အလွဲသုံးစားသူများသည် ငွေ့ရှင်မဟုတ်၊ ငွေ့ကျွန်များဖြစ်လေရာ ငွေတည်းဟူသော မကောင်းဆိုးဝါး စေခိုင်းရာကို လုပ်၍နေကြရသူများ ဖြစ်လေသည်။

သို့သော်လည်း ငွေ့ရှင်ဟူသမျှ ငွေ့ကျွန်များ မဟုတ်ကြပေ။ ကိုယ်တိုင် ပင်ပန်းစွာ လုပ်ကိုင်ရှာကြံစုဆောင်းလျက် လက်ငင်း လတ်တလော လိုက်စားသော အာသာဆန္ဒကို ခက်ခဲပင်ပန်းစွာ ချိုးနှိမ်ရသဖြင့် ငွေ့ရှင်အဖြစ်သို့ ရောက်ကြရသော သူတို့သည် အများအားဖြင့် ငွေ့ရှင်အစစ်များဖြစ်ကြ၏။ ငွေကို သုံးရာ၌လည်း လိမ္မာကြလေသည်။ ငွေကို အချောင်ရသူ၊ ကံစွပ်မိ၍ တစ်ယောက်ယောက်က မ,စ သဖြင့် ကြွယ်ဝလာသူ၊ အမွေရသူ၊ မပင်မပန်းဘဲ ရသူ၊ ထိုပေါက်သူများအနက် ငွေ့ကျွန်များ များစွာရှိကြလေသည်။

ပင်ပန်းစွာ ရှာကြံသူများသည် အသုံးလိမ္မာခြင်း၊ ချွေတာခြင်းဖြင့် သားသမီးများ၏ ရင်ခွင်သို့ ငွေတည်းဟူသော မြွေပွေးကို ပေးအပ်တတ်ကြလေရာ ဤအရာတစ်ခုသာလျှင် ငွေရှင်များ မလွဲမရှောင်နိုင်သည့် အခက်အခဲတစ်ခုဖြစ်လေသည်။ အချို့သောငွေကျွန်များသည် လူသတ္တဝါများ၏ အကျိုးကိုဆောင်ဟန်ဖြင့် နာမည်နှင့် ဂုဏ်ကို ယူကြလေသည်။ သို့သော်လည်း အဟုတ်တကယ် လူသတ္တဝါတို့၏ အကျိုးဆောင်လိုသောစိတ်မရှိကြောင်း သိသာသောသက်သေကား သူတို့ စေခိုင်းသောသူများအပေါ်၌ ရက်စက်ခြင်းဖြစ်လေသည်။ အကြောင်းမှုကား ငါးဆယ်တန် အလုပ်အတွက် ငါးကျပ်သာပေးပြီး ကျေးဇူးအတင်ခံချင်ကြလေသည်။ ငါပေးသမျှနှင့် လုပ်ရမည်။ သူ့မှာ ငတ်နေသည်။ ပြတ်နေသည်။ ငါ ဤမျှပေး၍ခိုင်းလျှင် သူ့အပေါ်မှာ ငါ့ကျေးဇူး ရှိသည်ဟူသော သဘောထားပေသည်။ သူတော်ကောင်းစိတ်ထားမျိုး မဟုတ်။ အနိုင်ကျင့်ခြင်းပင် ဖြစ်လေသည်။

လောက၌ မည်သူမျှ အမြဲကံကောင်း၍ မနေနိုင်။ ကံဆိုးကြမ္မာ ကြုံတွေ့ရသည့်အခါများသည် ပေါ်လာမြဲဖြစ်၏။ "အသက်တစ်ရာမနေရ အမှုတစ်ရာ တွေ့ရသည်" ဟူသော စကားသည် မမှားသောစကားဖြစ်ရာ ငွေရှင်များသည် အကျိုးမဲ့သောမာန၊ အကျိုးယုတ်စေသောမာနကို မထားအပ်ကြပေ။ ပြည်ပိုင်အစိုးရများနှင့်လည်း သင့်အောင်ပေါင်းဖို့ လိုသေးသည်။

မာနသည် ထားနိုင်သည့်အခါ လွန်စွာအရသာရှိ၏။ ဂုဏ်ကျက်သရေလည်း

mgyoe.com

ရှိပါပေ၏။ တင့်တယ်ခြင်းလည်း ရှိပါပေ၏။ သို့သော်လည်း မာနသည် ဖောင်းပွခြင်းဖြစ်၏။ ဘောလုံး၊ ဘလက်ဒါ၊ မော်တော်ကားတာယာ လေဖြင့် ဖောင်း၍နေသောအခါ ဝိုင်းဝိုင်းစက်စက် ကျက်သရေနှင့် ပြည့်စုံလှပေ၏။ သို့သော်လည်း မပေါက်သော ဘလက်ဒါ၊ မပေါက်သောတာယာဟူ၍ကား မရှိပေ။ ပေါက်သောအခါ ပိန်ရှုံ့၍ ကျက်သရေကင်းမဲ့၏။ ဖာရသောအခါ၌လည်း အမာရွတ်ထင်တတ်ကြလေသည်။

သို့ဖြစ်လေရာ ငွေရှင်များသည် ငွေ၏ကောင်းမြတ်သောတန်ခိုး၊ ငွေ၏ ဆိုးရွားသောသတ္တိ၊ ငွေ၏ခက်ခဲသော အသုံးဟူသမျှကို အမြဲမပြတ် ဝေဖန်ကာ ငွေကို ကြီးလှစွာသော သတိနှင့် ထိန်းစောင့်စေခိုင်း၊ သုံးစွဲအပ်ခြင်းတည်းဟူသော ကြီးလေးသောတာဝန်ကို သိအပ်ကြလေသည်။

## မျိုးစေ့လို သဘောထား

အထူးသဖြင့် ကျွန်ုပ်တို့လူမျိုးသည် ငွေကို မသုံးတတ်သောလူမျိုးဖြစ်လေသည်။ ငွေကို သုံးတတ်က ကြက်၊ ငှက်၊ ဝမ်းဘဲတို့ထက် အပွားမြန်၏။ နှမ်းတစ်လုံးအပင်ဖြစ်က နှမ်းစေ့ပေါင်း မရေမတွက်ရ၏။ ထို့အတူ ငွေဒင်္ဂါးဟူသမျှသည် ငွေမျိုးစေ့များသာ ဖြစ်လေရာ ငွေကို ကိုင်ရသည့်အခါ ဆန်လိုသဘောမထား၊ မျိုးစပါးလို သဘောထားရမည်။ ဟင်းရွက်ဟင်းသီးလို သဘောမထား၊ မျိုးစေ့လို သဘောထားရမည်။

အမေရိကတိုင်း မီလျံနာကြီးများသည် ငွေရှိသမျှကို အကုန်အစင် အလုပ်ကြီးများထဲသို့ မျိုးကြဲသလိုထည့်ကြလျက် သုံးစွဲရန်အတွက် ပေါ့ကက်မန်းနီးလောက်သာ ထားကြလေသည်။ ကုဋေများစွာ ကြွယ်ဝသူများမှာပင် လက်ဝယ်ဒေါ်လာအနည်းငယ်သာ သုံးဖို့ထားကြလေသည်။ ဘဏ်အလုပ်ကို လုပ်သောဘဏ်သူဌေးများကား ငွေဟူသမျှကို အမြဲခိုင်းစေ၍ နေကြလေသည်။ ငွေလွှတ်ငွေလပ်ဟူ၍ မထားကြပေ။ သို့သော်လည်း ထိုကဲ့သို့ ခိုင်းခြင်းအလုပ်သည် လွယ်ကူသော အလုပ်မဟုတ်။ ကြီးလေးခက်ခဲလေရာ မြန်မာလူမျိုးများ ကြီးလိုက ငွေသုံးခြင်းအတတ်ကို တတ်ကျွမ်းနားလည်အောင် အထူးဂရုစိုက်အပ်ကြလေသည်။ ငွေအသုံးမတတ်က အဘယ်မျှပင်ပန်းစွာ လုပ်ကိုင်၍ အဘယ်မျှချွေတာစေကာမူ မကြီးပွား မချမ်းသာနိုင်ပေ။ ငွေကိုအသုံးတတ်ခြင်းသည် အကြီးဆုံးသောချွေတာခြင်းဖြစ်ပေသည်။

အမှတ် ၃၈၊ ဇန်နဝါရီ၊ ၁၉၄၉၊ သွေးသောက်။

❑

mgyoe.com

mgyoe.com

# ငွေ ရှင်

ငွေကိုထိန်းသိမ်းခြင်းသည် ငွေကို ရအောင်ရှာခြင်းထက် လွယ်ကူသော အလုပ်မဟုတ်ပေ။ ရအောင်ရှာတတ်သော်လည်း မြဲအောင်မထိန်းတတ်က အကျိုး မဲ့သာတည်း။ အများအားဖြင့် မိမိတို့နားမလည်သော အလုပ်များ၌ နားယောင်ပါ ဝင်ခြင်း၊ အစုရှယ်ယာဝင်ခြင်းကြောင့် ဆုံးပါးကုန်ကြခြင်းများကို မခံသင့်ဘဲ ခံကြ ရလေသည်။

သိသောအလုပ်၊ မိမိကိုယ်တိုင် နားလည်သောအလုပ်များ၌သာ ငွေရင်း ကြေးရင်း စိုက်ထုတ်အကုန်ခံသင့်ကြလေသည်။

အိန္ဒိယတိုင်း မဟာရာဂျာပြည်နယ်တစ်ခု၌ တည်ထောင်သော အလုပ်ကုမ္ပဏီ လီမိတက်တစ်ခုတွင် ရှယ်ယာတစ်ထောင်ဖိုးဝင်သူ တစ်ယောက်မှာ ရှယ်ယာစာချုပ် ကြီးနှင့် တလည်လည်ဖြစ်၍နေသည်ကို တွေ့ရဖူးလေသည်။

ရပ်ဝေး၌တည်ထောင်သော ဘုမသိ ဘမသိ ကုမ္ပဏီများ၌ အဘယ်သော အခါမျှ ရှယ်ယာမဝင်ကောင်းပေ။ မိမိနားမလည်သော အလုပ်များ၌လည်း ရှယ် ယာမဝင်အပ်။ ဒါရိုက်တာလူကြီးများ၏ နာမည်ကြီးများကိုမြင်သဖြင့် နားယောင် ကာ ငွေဆုံးသူတွေ များလေပြီ။

အဘယ်မျှပင် အလုပ်ကောင်းမည်ဟု မှတ်ထင်ရသော်လည်း ကုမ္ပဏီတည် ထောင်သူများ ရိုးသည်၊ မရိုးသည်၊ အုပ်ချုပ်စီမံခြင်းအလုပ်၌ ကောင်းသည်၊ မကောင်းသည် (Efficiency)အရည်အချင်းရှိသည် မရှိသည်ကို မည်သူမျှ သေချာ စွာ မသိနိုင်ပေ။

တစ်စုံတစ်ယောက်မှာ ငွေရှိမှန်းသိရသောအခါ ငွေပွဲစား၊ ရှယ်ယာပွဲစားတို့ သည် ခွေးသေကို လင်းတလိုက်သလို ဝိုင်းလာတတ်ကြလေသည်။ အပြောကောင်း တိုင်း မယုံအပ်၊ လူဟန်ခံ့ညား၍ ဂုဏ်အသရေရှိဟန်ကြောင့် မလိုက်မပါအပ်ပေ။

mgyoe.com

အသက်အာမခံ ပွဲစားမှာ သာ၍ကျင်လည်ကြ၏။ မျက်လုံးကြောင်ကြောင် ရွှေမျက်မှန်နှင့် အရေးတကြီး၊ အချိန်မမီမှာ စိုးသလို ရွှေဖောင်တိန်ကိုပေးကာ သည်မှာ လက်မှတ်ထိုးဟု ပြောသည့်အတွက် ယောင်ယမ်းလိုက်ပါကြသည့်အတွက် ငွေဆုံးသူတွေ များစွာရှိကြလေသည်။

ငွေလိုလျှင် ထုတ်ချေးမည်။ ယခု လက်မှတ်ထိုးလိုက်၊ နောက်ကျရင် ရမှာမဟုတ်၊ ယခု အာမခံလက်မှတ်ထိုးမှ ငွေထုတ်ချေးဖို့ အစည်းအဝေးကို မီမယ်ဟူသော စကားမျိုးနှင့်လည်း ဆွယ်တတ်ကြလေသည်။ များစွာသော အသက်အာမခံကုမ္ပဏီများမှာ ပုံနှိပ်၍ထားသော စက္ကူများမှတစ်ပါး စာရေးစာချီ အခန်းလခကိုပင်ပေးဖို့ရန် ငွေမရှိကြချေ။

အချို့လည်း သတင်းစာများ၌ မသိသူများအထင်ကြီးအောင် မိမိတို့၏ ကြက်ဆူပင်အလုပ်ကို မန်ကျည်းပင်ကြီးကဲ့သို့ ရေးသားဖော်ပြကြလေသည်။

ငွေပွဲစားများသည် သတိပြု၍ ရှောင်ကြဉ်အပ်သောသူများ ဖြစ်လေသည်။ အတိုးအပွားရအောင် မည်သည့်အလုပ်မှာ ငွေ ဘယ်ရွေ့ဘယ်မျှ ထည့်ပါလားဟု လာ၍ပြောလျှင် များများကြီး သတိပြုရမည်။

ငွေကျပ်၍နေသော အလုပ်ပိုင်ရှင်များသည် ပွဲစားများကို လွှတ်တတ်ကြလေသည်။ ငွေပွဲစားသည် အလုပ်၏ အခြေအနေကို ဂရုစိုက်သူများမဟုတ်၊ မိမိတို့ရရှိမည့် ကော်မရှင်ကိုသာ ကြည့်ကြလေသည်။

ငွေကြေးနှင့်ပတ်သက်ရာ၌ ရိုးသားသူ လွန်စွာနည်းပါးလေသည်။ 'လူမိုက်ရှိမှ လူလိမ္မာ ဝမ်းဝသည်'ဟူသော လူမျိုးတွေ များစွာရှိကြလေသည်။ ငွေပွဲစားများ၊ ကုမ္ပဏီတည်ထောင်သူများ၊ အသက်အာမခံ၊ အတုအယောင်များသည် ဥပဒေတွင်းမှ အလုပ်လုပ်ကြသဖြင့် ၎င်းတို့ကို တရားစွဲရန်မှာ များစွာခက်လေသည်။

ငွေပွဲစားနှင့် ငွေရပေါက်ထွင်သော စာတိုစာရှည်များမှာ လွန်စွာခုံညားသားနားလျက် အမှိုက်လှည်းကို မောရစ်ကား၊ ဆီဒန်ဖြစ်အောင် ရေးသားဖော်ပြလေ့ ရှိကြသည်။ ကုမ္ပဏီရှယ်ယာ ဝယ်လိုက ထင်ထင်ရှားရှား နှစ်ပေါင်းများစွာတည်၍နေသော ကုမ္ပဏီများက ရှယ်ယာများသာ စိတ်ချရလေသည်။

သွေးသောက်မဂ္ဂဇင်း၊ ၁၉၅၃ ခု၊ စက်တင်ဘာ။

❑

mgyoe.com

mgyoe.com

# စိတ်ချလုံခြုံရေး

အကြောက်လွန်ခြင်းသည် ဘေးဖြစ်စေတတ်လေသည်။

ကြောက်သောစိတ်၊ အားငယ်သောစိတ် ထိုစိတ်များသည် လူသတ္တဝါအများတို့မှာ အမြဲလိုပင် ပူးကပ်နှောင့်ယှက်၍ နေကြလေသည်။ အခါများစွာ ထိုစိတ်များသည် အကြောင်းမဲ့ ဖြစ်ကြလေသည်။ အကြောင်းမူကား ထိုစိတ်များသည် ဘေးအန္တရာယ်တစ်ခုခု ပေါ်လာလိမ့်မည်ဟု တင်ကြိုတွေးထင်သောစိတ်မှ ထွက်ပေါ်လေရာ ထိုတွေးခေါ်သော ဘေးအန္တရာယ်များ မပေါ်လာသည့်အခါ အကျိုးမဲ့ ကြောက်ရွံ့ခြင်းမျိုး ဖြစ်ကြလေသည်။

မော်တော်ကား အပြိုင်မောင်းသော ကမ္ဘာကျော် ယောကျ်ားတစ်ယောက်၏ ဇနီးသည်က မိမိ၏လင်သည် စွန့်စားရသော အသက်မွေးခြင်းကို လွန်စွာနှစ်သက်သည်။ ဤစွန့်စားရသော အလုပ်ကို မိမိ အတန်တန်ဖျက်သော်လည်း မရ၊ အမြန်နှင့် အနေး သည်မော်တော်ကားနှင့် သေလိမ့်မည်။ ယခုနှစ် ဤစားပွဲမှာ နှစ်ယောက် အတူတူထိုင်၍ နေရသေး၏။ နောင်နှစ်ခါ သည်အချိန်ကျလျှင် ယခုလို ပျော်ပျော်ပါးပါး အတူတူနေနိုင်ပါ့မလားဟူ၍ အမြဲစိုးရိမ်ခဲ့လေသည်။

ဤစိတ်ကြောင့် အမြဲချောက်ချားလျက် ညဥ့်သန်းခေါင်အခါများ၌ အိပ်၍ နေသောလင်ကိုကြည့်ကာ အိပ်မပျော်နိုင်အောင် ကြောက်ခဲ့လေသည်။ သို့သော်လည်း ယခုတိုင်အောင် ၎င်း၏လင်ယောကျ်ားမှာ ဤကဲ့သို့ မသေသေးပေ။ ထိုမသေကြောင်းကို ကြောက်ရွံ့စိုးရိမ်သည့်အခါများက တင်ကြို၍ သိရချေလျှင် ပျော်ပျော်ကြီးနေရမှာပဲဟု ၎င်းမိန်းမက ပြောပြလေသည်။

ထိုစိုးရိမ်ကြောင့်ကြခြင်းသည် ဘေးအန္တရာယ်မဖြစ်မီမှာ ပေါ်ပေါက်မြဲဖြစ်လေသည်။ ဘေးအန္တရာယ်နှင့်တွေ့သည့်အခါ စိုးရိမ်ကြောင့်ကြခြင်း မရှိတော့ပေ။ အများ

mgyoe.com

အားဖြင့် ဘေးတွေ့သည့်အခါ ဘေးမှလွတ်အောင် ကြိုးစားရသဖြင့် စိုးရိမ်ကြောင့်ကြရန် အချိန်မရှိတော့ပေ။ ဘေးမှ မလွတ်နိုင်လျှင်လည်း အသေကဲ့သို့ဖြစ်ကာ ကြောင့်ကြပူပင်အားတော့မည် မဟုတ်ပေ။ ပျက်စီးခြင်းနှင့် ဘေးအန္တရာယ်တို့ မည်သည့် အခါများစွာ ကြောက်တတ်သောကြောင့် ဖြစ်ပေါ်တတ်လေသည်။ ကြောက်သောစိတ်သည် ကြောက်သောအရာကို ဖြစ်စေနိုင်လေသည်။

လူတို့သည် ချမ်းချမ်းသာသာ လုံလုံခြုံခြုံ နေဖို့အရေးကို လွန်စွာတွေးတောကြသဖြင့် အကြောက်သန်၍ နေကြလေသည်။ တစ်စုံတစ်ယောက် ခြိမ်းခြောက်လိုက်သည့်အခါ ကြောက်စိတ်ပေါ်၍လာလေသည်။ ခြိမ်းခြောက်သည့်အခါ ကြောက်ဖို့မရှိပေ။ ကမ္ဘာပေါ်၌ ခြိမ်းခြောက်တိုင်းခံရသည်ဟု များစွာမကြားရပေ။ ကြောက်တတ်သောသူသည် ဘယ်အရပ်မှာမဆို အောက်ကျနောက်ကျ ဖြစ်ရလေသည်။ လူများသည် သူရဲကောင်းကို ချီးမြှောက်ကြ၏။ ရိုသေကြ၏။ ချစ်ခင်ကြည်ညိုကြလေသည်။ သူရဲဘောနည်းသူများကို ရှုံ့ချမုန်းထား၊ ရွံရှာကြလေသည်။ သို့အတွက် ကြောက်သူကို ဖြဲ၍ချောက်သည်ဟူသော စကားရှိလေသည်။

ထိုကြောက်စိတ်သည် လွန်စွာဆိုး၏။ ခွေးများသည် တစ်ရပ်တစ်နယ်၌ အမြီးကုပ်၍ သွားသည့်အခါ ရွာခံခွေးများ၏ နှိပ်စက်ခြင်းကိုခံရ၏။ ကျွန်ုပ်တို့ ငယ်စဉ်က ကျောင်း၌မွေးထားသော ဂျင်နားခေါ်သည့် ခွေးကြီးတစ်ကောင်သည် အဘယ်အရပ်ကို ရောက်စေကာမူ အမြီးမချ၊ အမြီးတထောင်ထောင်နှင့်သာ လှည့်ပတ်သွားလာခဲ့လေသည်။ အဘယ်ခွေးမျှလည်း ၎င်းအား နှိပ်စက်ခြင်းမပြုကြပေ။

ရန်ကုန်မြို့ဘတ်စ်ကားများ၌ မြန်မာရေလည်သော ကော်ရင်ဂျီစပယ်ယာကလေးများသည် အင်္ဂလိပ်၊ မြန်မာ၊ တရုတ်၊ မူစလင်များအပေါ်၌ များစွာ ယဉ်ကျေးသော်လည်း မိမိတို့၏အမျိုးသား ကော်ရင်ဂျီတစ်ယောက် စုတ်နုပ်အောက်ကျစွာ ထိုင်လာသည့်အခါ အခယူရာ၌ပင် ဆဲရေးမောင်းမဲကာ အုလူးခွေးကုလားဟူသော စကားများဖြင့် စော်ကားမော်ကား လုပ်ကြလေသည်။

ထိုကြောက်စိတ်သည် အခက်အခဲများကို ပိုမိုကြီးလေးစေနိုင်၏။ အကြောက်သည် အကြံဉာဏ်ကို တုံးစေနိုင်သည်။ အခက်အခဲကလေးများကို အခက်ကြီးဖြစ်အောင် ချဲ့၍ကြည့်သော မှန်ဘီလူးနှင့်တူလေသည်။ ၎င်းပြင် ထိုစိတ်သည် ကြောက်သောအရာကိုသာ ကြည့်၍နေသဖြင့် အဘယ်အရာကိုမျှ မမြင်တတ်ပေ။ သို့ဖြစ်လေရာ မကြံတတ်မစည်တတ် ဖြစ်ကြရလေသည်။

သူဌေးတစ်ယောက်သည် ကြေးနီသတ္တုအလုပ်ကိုလုပ်ရာ ငွေပေါင်းမြောက်မြားစွာ ဆုံးပါးလေသည်။ ထိုအခါ ငါပျက်စီးပြီဟု ပြောပြီး မယားချောကလေး

mgyoe.com

mgyee.com

ကို သေနတ်နှင့် ပစ်၍သတ်၏။ မိမိကိုယ်ကိုလည်း ပစ်၍ သတ်လိုက်လေသည်။ နှစ်လောင်းပြိုင် မသာချပြီးနောက် ၎င်း၏ပစ္စည်းများအခြေအနေကို စစ်ဆေး၍ကြည့် သောအခါ ရွှေဒင်္ဂါးရှစ်သိန်းကျော် ကျန်ရှိသေးသည်ကို တွေ့ရှိရလေသည်။

မိလျံနာများသည် မပြုံးမရယ်နိုင်သောသူများဖြစ်ကြသည်ဟု အန်ဒရူးကာ နာဂျီက ပြောလေသည်။ မှန်လည်းမှန်၏။ ၎င်းတို့သည် အမြဲကြောက်ရွံ့ပူပန်၍ နေကြသူများဖြစ်လေသည်။ သို့ဖြစ်လေရာ ကြွယ်ဝတိုင်း ချမ်းသာသည်မဟုတ် ကြောင်းကို သိနိုင်လေသည်။ ကြောက်ရွံ့စရာ ဘေးအန္တရာယ်တို့သည် ကုန်သည်များ ၏အလုပ်၌ သာ၍များလေသည်။ ကုန်သည်အလုပ်မှာ စိတ်ချလုံခြုံရေးကိုသာ ဂရု စိုက်၍နေချေက ကြီးပွားမည်မဟုတ်ပေ။ စိတ်ချလုံခြုံခြင်းသည် ကြီးပွားအောင်မြင် ခြင်းမဟုတ်။ ချမ်းသာခြင်းလည်းမဟုတ်။ စိတ်ချလုံခြုံခြင်းသည် လက်ဝဲဂိုဏ်း ဖြစ် လေသည်။

စိတ်ချလုံခြုံခြင်းသည် ရွေးတစ်ခြမ်းမှ အဖိုးမတန်၊ မနာမကျင်ခြင်းသာ ဖြစ် ၏။ သို့သော်လည်း သိန်းသန်းမကသော လူတို့သည် အသက်ကုန်သည့်တိုင် အောင် စိတ်ချလုံခြုံရေးကိုသာ ဂရုစိုက်၍ နေကြလေသည်။ စီးပွားရှာဖွေခြင်းအလုပ် သည် စိုးရိမ်စရာ ကြောက်စရာတို့ဖြင့် ရောပြွမ်း၍နေ၏။

လူဟူသမျှ ကြောက်၏။ တောအမဲဟူသမျှသည် ရန်သူကို အမြဲကြောက်သ လို လူအချင်းချင်းလည်း အမြဲကြောက်၍ နေလေသည်။ ကလေးများကို မိဘများ သည် အကြောက်ကိုသင်၍ပေး၏။ ကလေးများသည် အကြောက်နည်းသူများဖြစ် ၏။ သို့သော်လည်း ကြောက်ရသူတစ်ယောက် ရှိမြဲဖြစ်လေသည်။

လူကြီးများမှာ ပစ္စည်းဆုံးပါးမှာ၊ ဂုဏ်ပျက်မှာ စသည့်ကြောက်စရာတွေ မြောက်မြားစွာ ရှိလေသည်။ ထိုကြောက်ရွံ့သောစိတ်သည် စိတ်ချလုံခြုံခြင်းကို ရှာ ဖွေသောစိတ်၊ ကိုယ့်ကျိုး ကိုယ့်စီးပွားစိတ် ဖြစ်လေရာ လူ၏သဘာဝ၌ အရင်းတည် နေသည်။ သို့သော်လည်း ထိုအကြောက်ကို ထိုမျှလောက်သာ မနေစေမူ၍ အားပေး ချီးမြှောက်ကာ အမျိုးမျိုးကြီးကျယ်အောင် ပြုကြလေသည်။

အဘယ်ပုံ အားပေးပါသနည်းဟုဆိုသော် ထိတ်စရာ၊ လန့်စရာ ရုပ်ရှင်ကား တွေကိုကြည့်ခြင်း၊ ထိတ်စရာ၊ လန့်စရာ စာအုပ်တွေကိုဖတ်ခြင်းဖြင့် ကြီးမြင့်အောင် ပြုကြလေသည်။ တစ္ဆေစကားကို နားထောင်ခြင်းသည် အကြောက်၌ ပျော်မွေ့ခြင်း ဖြစ်လေသည်။

လူအချင်းချင်း ပေါင်းသင်းရာ၌ သင့်မြတ်ညီညွတ်ခြင်း ရှိရသည်။ သို့သော် လည်း တစ်ခါတစ်ရံ တစ်ယောက်ယောက်နှင့် ခိုက်ရန်ပြုရပေလိမ့်မည်။ ခိုက်ရန်မပြု

mgyee.com

mgyoe.com

ချေက လူအောက်ကျတတ်လေသည်။ လူများကဲ့ရဲ့ရှုတ်ချခြင်းများကို လောကၣ် ကြီးပွားအောင်မြင်သူများသည် အခံရဆုံးဖြစ်ကြလေသည်။

သို့ဖြစ်လေရာ ထိုအရာများကို ကြောက်ရွံ့နေလျှင် အဘယ်အလုပ်ကိုမျှ လုပ်၍ ရတော့မည်မဟုတ်ပေ။ စီးပွားရှာခြင်းမှာလည်း အန္တရာယ်များ၏။ အန္တရာယ် မရှိဘဲ ကြီးကျယ်စွာ ဖြစ်ထွန်းနိုင်မည်မဟုတ်ပေ။ ဘေးအန္တရာယ်ကို ကြောက်၍နေ ခြင်းဖြင့် ဘေးကို မရှိအောင်လုပ်၍ မရပေ။

သို့ဖြစ်လေရာ အကြောက်၌ အတိုင်းအရှည် ထားသင့်ကြလေသည်။ ရှပ်ပျက် ဆင်းပျက် ကြောက်ခြင်းသည် ဘေးအန္တရာယ်နှင့် အမှားအမျိုးမျိုးကို တိုးတက်စေ ရုံမျှသာ ရှိချေမည်။

ဘားမားဂျာနယ်၊ဒုတိယတွဲနံပါတ် ၃၈၊
၂၆၊ ဖေဖော်ဝါရီ ၁၉၃၈။

❑

mgyoe.com

mgyoe.com

# စွန့်စားခြင်း

စွန့်စားခြင်း မရှိသောလောကသည် အသေနှင့်တူ၏။

လောက၌ ကြီးကျယ်ခြင်း၏အကြောင်းသည် ကံကြမ္မာကို မယုံခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ချွေတာခြင်းပင် ဖြစ်လေသည်။ ဤကား လောကီရတနာသုံးပါး ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ယခုကာလ အသိဉာဏ်တိုး၍လာသဖြင့် ကံဟူသော စကားကို မယုံကြည်ပါဟု သူသူငါငါ ပြောကြလေသည်။

စီးပွားရှာခြင်း၌ ကံ မဟုတ်ဟုဆိုကြသော်လည်း ကံကိုယုံကြည်သော စိတ်ကို လုံးလုံးကြီး ဖျောက်ဖျက်၍ မရပေ။

အလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင်ကြံစည်မည်ရှိသည့်အခါ ရှေးဦးပထမ အနှောင့်အယှက် အဖျက်အဆီး တစ်ခုခုနှင့် တွေ့ရသည့်အခါ နိမိတ်မကောင်းဘူး၊ အစကနဦး၌ ဤကဲ့သို့ဖြစ်လျှင် ဤအလုပ် အဘယ်သို့ ဖြစ်မြောက်အောင်မြင်နိုင်ပါတော့မည်နည်း ဟူသော အတွေးသည် အလုပ်ကိုလုပ်ရန်၊ အကြံကိုပြုရန် စိတ်အားထက်သန်ခြင်းကို ဖျက်ဆီးတတ်လေသည်။

စိတ်အား မထက်မသန်ကလည်း အကြံအစည် အလုပ်အကိုင်တို့မည်သည် အောင်မြင်သင့်သလောက် အောင်မြင်ကြမည်မဟုတ်ပေ။ ကိုလံဘတ်စ်သည် အမေရိကတိုက်ရှိသည်ကို နှစ်ပေါင်းအစိတ်မျှကြာစွာ သိရှိယုံကြည်ခဲ့လေသည်။ သို့သော်လည်း အနှောင့်အယှက် အဖျက်အဆီးအမျိုးမျိုးတို့နှင့် တွေ့ရသောကြောင့် သွား၍ မရှာနိုင်ဘဲ အရပ်ထဲမှာ အရူးဟူ၍သာ အပြောခံခဲ့ရလေသည်။

သင်္ဘောနှင့်ထွက်ရသောအခါ၌လည်း အနှောင့်အယှက် အဖျက်အဆီး အမျိုးမျိုးနှင့် တွေ့ခဲ့ရလေသည်။ သို့တွေ့ရငြားသော်လည်း စိတ်မပျက်ဘဲ ဆက်လက်

mgyoe.com

mgyoe.com
ကာ အသက်ကိုစွန့်၍ ရှာဖွေလေရာ နောက်ဆုံး၌ ရွှေတောင်ကြီးကို တိုက်မိသလို ရွှေပေါသော အမေရိကတိုင်းကို တန်းတန်းမတ်မတ် ဆိုက်ရောက်လျက် ကျွန်းပေါ်၌ အောင်လံကို စိုက်ထူခဲ့ရလေသည်။

ငင်းအလုပ်သည် မြေပေါ်၌ ကြံစည်လုပ်ကိုင်ရသော စွန့်စားခြင်းမဟုတ်။ ဘေးရန်များပြားသော ပင်လယ်ကြော၌ သေးငယ်သော ရွက်သင်္ဘောကလေးနှင့် စွန့်စားရလေရာ၊ မြန်မာလူမျိုးတို့၏ အတွေးနှင့်ဆိုသော် တွေးစရာ ခေါ်စရာ နိမိတ်ယူစရာ အချက်အလက်တွေ လွန်စွာများပြားသော စွန့်စားခြင်းဖြစ်လေသည်။

လောက၌ စွန့်စားခြင်းရှိမှသာလျှင် ရဲရင့်ခြင်းနှင့် သတ္တိအစွမ်းသည် ထင်ပေါ်ကျော်ကြားနိုင်လေသည်။ စွန့်စားခြင်းမရှိသော လောကသည် အသေနှင့်တူလေသည်။ စွန့်စားရမှသာလျှင် အနှစ်သာရနှင့် ပြည့်စုံသည်ဟု မှတ်ကြရ၏။

စွန့်စားခြင်းသည် ကုသိုလ်ကံ နိမိတ်ကိုယုံကြည်သော လူမျိုး၏ ရန်သူဖြစ်လေသည်။ ကံ–ကံ၏ နိမိတ်ကို အစွဲပြုသော လူမျိုးသည် စွန့်စားခြင်းကို ပြုနိုင်ကြမည်မဟုတ်ပေ။ မစွန့်စားကလည်း လောကကြီး၌ အောက်ကျ နောက်ကျ နေကြရပေမည်။

ကမ္ဘာပေါ်၌ မစွန့်စားသောလူမျိုးကို စွန့်စားသော အခြားလူမျိုးတို့သည် နိုင်ငံခြားမှ လာရောက်တိုက်ခိုက်နှိမ်နင်းကြမြဲ ဖြစ်လေသည်။ ရှေး တာတန်လူမျိုးတို့သည် ထိုကဲ့သို့ စွန့်စားသဖြင့် ဥရောပတစ်တိုင်းလုံးကို သိမ်းကျုံးယူငင် အုပ်စိုးခဲ့ကြဖူးလေသည်။

ကျွန်ုပ်တို့ မြန်မာပြည်မှာလည်း ထိုတာတန်လူမျိုးတို့၏ စော်ကားခြင်းကို အကြီးအကျယ် ခံခဲ့ရသည်မှာ တရုတ်ပြေးမင်းလက်ထက် ဖြစ်လေသည်။ ယခု ကျွန်ုပ်တို့သည်လည်း မစွန့်စားမှုကြောင့် စွန့်စားသောလူမျိုးကွဲ၏အောက်၌ ထင်သလို ပြုလုပ်သမျှကို ခံယူနေကြရလေသည်။

"စိတ်ချလုံခြုံရေးကို ရှေးဦးပထမ လိုလားအပ်သည်"ဟူသော စကားသည် အင်္ဂလိပ်မှာရှိ၏။ မြန်မာမှာကား ထိုစကား မရှိပေ။ သို့သော်လည်း အလွန် စိတ်ချလက်ချနေတတ်သူများ ဖြစ်တတ်လေသည်။ အင်္ဂလိပ်မှာကား စိတ်ချလက်ချနေခြင်းသည် ပထမအရေးဟုဆိုရာ၌ စိတ်ချရအောင် တင်ကြိုပြုလုပ်စီမံခြင်းကို ဆိုလိုသည်။

စိတ်ချရအောင် အဘယ်ပုံ တင်ကြိုပြုလုပ်ရပါသနည်းဟုဆိုသော် ငြိမ်သက်အေးချမ်းစွာနေခြင်းကို မဆိုလို။ ငြိမ်သက်အေးချမ်းစွာနေနိုင်အောင် ဘေးရန်မှန်သမျှကို တင်ကြိုလုပ်ကြံ ဖြိုဖျက်ခြင်းကို ဆိုလိုလေသည်။
mgyoe.com

ဤနည်းသည် ရန်သူကိုနှိမ်နင်းခြင်းဖြင့် စိတ်ချလုံခြုံခြင်းအရေးကို ရှာဖွေခြင်း ဖြစ်လေသည်။ ထိုကဲ့သို့ မဟုတ်မူ၍ ဘာကိုမှမလုပ်ဘဲ စိတ်ချလက်ချနေခြင်းသည်ကား ရှုံးမိုက်ခြင်းဖြစ်လေသည်။

ဘာကိုမျှ မလုပ်ဘဲ စိတ်ချလက်ချ လုံခြုံခြင်းသည် ဘာကိုမှမဖြစ်စေနိုင်သဖြင့် အသုံးမဝင် အလဟဿသာလျှင် ဖြစ်လေသည်။ အလုပ်အကိုင် အကြံအစည်တို့၌ မစွန့်စားသူသည် မိမိ၏အလုပ်ကို စိတ်ချရသည်ဟု ဆိုပေလိမ့်မည်။ စွန့်လျှင်ကား မတော်တဆ နစ်မွန်းမည်ကို စိုးရသည်ဟု ပြောကြပေလိမ့်မည်။

ဤစကားသည် မှန်၏။ သို့သော်လည်း မစွန့်စားသမျှ ကြီးကြီးကျယ်ကျယ် အောင်မြင်ကြမည်မဟုတ်ပေ။ လူ၌ ကိုယ်ပိုင်စဉ်းစားဉာဏ်သည် လည်းကောင်း၊ ကိုယ်တိုင်ထက် အသိအလိမ္မာရှိသောသူများ၏ စဉ်းစားဉာဏ်သည်လည်းကောင်း၊ အမြဲအားဖြင့် ကျွန်ုပ်တို့အား အကူအညီကို ပေးနိုင်ကြလေသည်။

သို့ဖြစ်လေရာ စွန့်စားခြင်းသည် အထီးကျန်မဟုတ်။ စွန့်စားသော သူရဲကောင်းတို့မှာ အမြဲအားဖြင့် အကူအညီနှင့် နေကြရလေသည်။ စွန့်စားခြင်းဆိုသည်မှာ ဆင်ကန်းတောတိုး မစဉ်းမစား၊ မတိုင်မပင်ဘဲ ပြုအပ်သော အလုပ်မဟုတ်ပေ။ စဉ်းစားရာ၏။ တိုင်ပင်ရာ၏။ ၎င်းပြင် ကိုယ်ပိုင်ဉာဏ်ကို လျင်မြန်စွာ အသုံးပြုတတ်ရလေသည်။

မစွန့်စားအပ်သော အချိန်အခါဟူ၍ မရှိပေ။ အဘယ်သောအခါမှာမဆို စွန့်စားဝံ့သောသူအတွက် စွန့်စားရန်အလုပ်တွေ ရှိနေကြလေသည်။ စွန့်စားသောသူကိုလည်း တိုင်းပြည်က ချီးမြှောက်မြဲဖြစ်လေသည်။ သို့သော်လည်း သူတစ်ပါးကိုတိုင်ပင်ရာ၌ အလုပ်အကိုင်တစ်ခုခုအကြောင်းကို သေချာစွာမစဉ်းစားဘဲ ဟုတ်သည်ကောင်းသည်၊ အင်မတန် နေရာကျတာပဲ ဟူသော စကားကို ပေါ့ပေါ့ဆဆ လိုက်လျော၍ ပြောသူများလည်း ရှိကြလေသည်။

၎င်းတို့သည် တစ်ဖက်သားကို ပျက်စီးစေလိုသောစိတ်နှင့် ပြောခြင်းကား မဟုတ်ပေ။ မစဉ်းမစား လိုက်လျောအားပေးခြင်းမျှသာ ဖြစ်လေသည်။ ထိုလူမျိုးသည် တိုင်ပင်သည့်အခါ ကျိုးကြောင်းကို ကောင်းစွာမစဉ်းစားဘဲ ရုတ်တရက် ချက်ချင်း လွန်စွာဝမ်းမြောက်သည့်အမူအရာနှင့် အားပေးတတ်ကြလေသည်။ ၎င်းတို့၏ အမူအရာမှာ အကြံအစည် လွန်စွာကောင်းသဖြင့် အလွန်အမင်း သဘောကျဟန်ရှိသည့် အမူအရာမျိုး ဖြစ်လေသည်။

ထိုအမူအရာမျိုးကြောင့် အလိမ်မိကာ ဘိုင်အိုစကုပ်ထောင်သူတွေ ပျက်စီးကြရလေပြီ။ သတင်းစာတိုက် ဖွင့်လှစ်သူတွေ ပျက်စီးကြရလေပြီ။

mgyoe.com

mgyoe.com

အချုပ်မှာကား ... စွန့်စားခြင်းသည် မစွန့်စားခြင်းထက် ကြီးပွားနိုင်သည်ကား မှန်၏။ စွန့်စားသောကြောင့် ပျက်စီးသူတို့သည် လွန်စွာနည်းပါး၏။ မစွန့်စားသူများထက် ကြီးပွားအောင်မြင်ကြသည်သာ များလေသည်။

သို့သော်လည်း ဆင်ခြင်စဉ်းစားခြင်းသည် လွန်စွာအရေးကြီးလေသည်။ လောက၌ အလုပ်တစ်စုံတစ်ရာ လုပ်ကိုင်ကြံစည်သည့်အခါ အဟုတ်တကယ် ဖြစ်မြောက်အောင်မြင်မည်ဟု မည်သူမျှ စိတ်ချလက်ချ မပြောနိုင်ပေ။ သို့သော်လည်း စဉ်းစားဆင်ခြင်ခြင်း၊ တိုင်ပင်ခြင်းတည်းဟူသော ဉာဏ်မျက်စိဖြင့် ကြည့်သောအခါ၌လည်းကောင်း၊ သတ်မှတ်ထားသော အချိန်အခါကာလအတွင်း ထိုအလုပ် ထိုအကြံကို စွဲစွဲမြဲမြဲ လုပ်ကိုင် ကြံစည်နိုင်သည့်အခါ၌သော်လည်းကောင်း ကံ ဟုဆိုသော အကြောင်းတရားသည် တစ်လှည့်မပေါ် တစ်လှည့်ပေါ်ရမည်ကား ယုံမှားဖွယ်ရာ မရှိပေ။ ။

တိုးတက်ရေးမဂ္ဂဇင်း၊ အမှတ် ၅၄၊
မတ်၊ ၁၉၃၈။

❑

mgyoe.com

mgyoe.com

# ဆရာကောင်းလိုသည်

ကမ္ဘာကြီးကို ဘယ်ဝါဒမျှ မငြိမ်းအေးစေနိုင်
ဒါဖြင့် ဘယ်လိုငြိမ်းအေးစေမလဲ

ယခုတွေ့ရှိရသော စိတ်နေသဘောထားပုံ၊ အကျင့်အကြံ၊ အပြုအမူ၊ စိတ်ထားသေးငယ်ကျဉ်းမြောင်းပုံ၊ မတည်ကြည်ပုံ၊ မရိုးသားပုံ၊ ဆရာကောင်း သမားကောင်း မရှိပုံကို ထောက်သော် လွတ်မြောက်ရေးနှင့် ဝေးလေစွတကား။ ဝေးလျှင် မြန်မာလူမျိုးပျောက်ကာ နာမည်သာ ကျန်ရစ်မှာပါတကားဟု တွေးတောပူပင် ဖွယ်ရာ ဖြစ်၍နေလေသည်။

ဆရာကောင်းရှိမှ တပည့်ကောင်းရှိ၏။ တိုင်းပြည်တစ်ပြည်၌ ဆရာကောင်းတွေ၊ တပည့်ကောင်းတွေများလျှင် မတိုးမတက်ဘဲ မနေနိုင်။ ဆရာကောင်းလည်း မရှိ၊ တပည့်ကောင်းလည်းမရှိသော တိုင်းပြည်၌ အဘယ်သို့လျှင် တိုးတက်နိုင်ပါမည်နည်း။ မတိုးမတက်က အဘယ်နည်းဖြင့် လွတ်မြောက်နိုင်ပါမည်နည်း။

Character ညံ့သောလူမျိုးသည် အဘယ်သောအခါမျှ ထိပ်တန်းကို ရောက်နိုင်တော့မည်မဟုတ်။ အတိတ်ရာဇဝင်ကိုဖတ်ကာ အဘယ်မျှပင် သွေးကြွ၍ နေကြစေကာမူ ယခုကား အတိတ်မဟုတ်၊ ပစ္စုပ္ပန်ဖြစ်၏။ ဤစာဖြင့် ဇာတိမာန်ကို ချိုးသည်ဟု စွပ်စွဲလိုက စွပ်စွဲနိုင်သည်။ ကျွန်ုပ်သည်ကား ဇာတိမာန် ကျိုး၍နေမှန်း မသိဘဲ အမှုမဲ့ အမှတ်မဲ့ နေကြသော ကျွန်ုပ်၏အမျိုးသားကို သတိပေးခြင်း ဖြစ်လေသည်။ ကျွန်ုပ်၏ စာတစ်ပုဒ်မျှနှင့် တစ်မျိုးလုံး၏ ဇာတိမာန်ကို ကျိုးစေနိုင်က ကျွန်ုပ်ကလောင်သည် လွန်စွာတန်ခိုးကြီးပေမှာပဲ။ ကျွန်ုပ်ကား ထိုမျှလောက် တန်ခိုးကြီးမည်မထင်။

အကြင်လူမျိုးသည် မိမိ၏အပြစ်အနာတို့ကို မရှု၊ ဂုဏ်တက်ကာ ကျွန်ုပ်

mgyoe.com

mgyoe.com

၍နေသမျှ အဘယ်အခါမျှ တိုးတက်မည်မဟုတ်၊ ဆုတ်ယုတ်ရမည်သာတည်း။

လူမျိုး၏ ယဉ်ကျေးခြင်းနှင့် စိတ်နေသဘောထား ယဉ်ကျေးခြင်းကို အကျင့်ကပြ၏။ မယဉ်ကျေးမှုတွေကို အမြဲပြုကာ ငါသည် ကမ္ဘာပေါ်၌ အယဉ်ကျေးဆုံးဟု အဘယ်မျှပင် ကြွေးကြော်သော်လည်း မောရုံသာရှိမည်။

ကျွန်ုပ်တို့လူမျိုး လွတ်မြောက်လိုက ကိုယ်ကျင့်တရားအသင်းများ ရှိဖို့လိုလေသည်။ ထိုအသင်းများမှာ မုသားမပြောခြင်း၊ ခိုက်ရန်မဖြစ်ခြင်း၊ သစ္စာရှိခြင်း၊ Honour ဂုဏ်ကို စောင့်သိရှိသေခြင်း၊ အစစ်အမှန်ဖြစ်သော ကြင်နာထောက်ထားခြင်းနှင့် ရိုင်းပင်းခြင်း၊ ကျန်းမာရေးနှင့် ဆန့်ကျင်သော အပျော်အပါးတို့ကို ရှောင်ကြဉ်ခြင်း၊ မျက်နှာဖြူနှင့် ပေါင်းရလျှင် ဟုတ်လှပြီဟူသော စိတ်မျိုးကို ပပျောက်စေခြင်း၊ ထောင်လွှားခြင်းမှ ကင်းသော မာန်မာနရှိအပ်ခြင်း၊ တည်ကြည်ခြင်း၊ စိတ်သဘောထားကြီးခြင်း၊ အရှက်အကြောက်ရှိခြင်း၊ ဒူးမကွေး ခါးမကုန်းဘဲ ယဉ်ကျေးဖွယ်ရာရှိခြင်း၊ ရဲရင့်ခြင်း၊ စွန့်စားခြင်း၊ ကိုယ်လက်ကျန်းမာခြင်း၊ ချစ်ခင်ခြင်း စသည့် စိတ်ကောင်း စိတ်မြတ်များကို မွေးမြူသောအသင်းများ ဖြစ်သင့်လေသည်။

ယောကျ်ားပီသလိုသော ငယ်ရွယ်သူများသည် ထိုစိတ်မျိုးကို မွေးမြူဖို့လိုလေသည်။ စာအုပ်တွေကို ဖတ်ကာ ရှေးပညာရှိတွေကို အားကျလျက် တက်ကြွကာ "ငါနှင့်ငါသာ နှိုင်းစရာ"ဟူသောစိတ်မျိုး ကင်းမှ ယောကျ်ားကောင်း ပီသလေသည်။

စာသည် လူကို လိမ္မာစေ၏။ စာကြောင့်လည်း ပျက်တတ်သည်။ စာတွေသည် ယခုခေတ်၌ အသုံးဝင်ချင်မှ ဝင်၏။ ရှေးအခါက ပညာရှိတွေ အမျိုးမျိုးပေါ်ခဲ့၏။ ဘောဂဗေဒပညာတွေ၊ အုပ်ချုပ်ခြင်းပညာတွေ၊ ဆိုရှယ်လစ်ဝါဒ၊ ဘာဝါဒ ညာဝါဒတွေ အမျိုးမျိုးပေါ်ခဲ့၏။

ထိုဝါဒများသည် ကမ္ဘာကြီးကို မကယ်နိုင်သဖြင့် ရှုပ်သည်ထက်ရှုပ်၍ လာ၏။ အကျိုးမရှိသော ထိုစာတွေကိုဖတ်ကာ မာန်တက်၍နေခြင်းကြောင့် ငါတို့လူမျိုး မချမ်းသာနိုင်၊ Character ကောင်းမှ ချမ်းသာမည်ကို မုချမှတ်ကြရမည်။

ဘားမားဂျာနယ်၊ အမှတ် ၂၉၊
၁၉–၁၂–၁၉၃၆။

❑

mgyoe.com

mgyoe.com

# ဆွေမျိုးချစ်မှ မျိုးချစ်

ဉာတကာနဋ္ဌ သင်္ဂဟော ဟူသော ဘုရားဟောဒေသနာ ရှိသည့်အတိုင်း ထိုတရားတော်၏ ထူးမြတ်ခြင်းကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးဟူသမျှ ကောင်းစွာ သိကြလေသည်။

သို့ပင် သိကြငြားသော်လည်း အများအားဖြင့် မြန်မာလူမျိုးများသည် ဉာတိသင်္ဂဟ–ဆွေမျိုးသားချင်းတို့ကို ကူညီယိုင်းပင်းဖို့ မဆိုထားဘိ၊ ဆွေမျိုးသားချင်းများ ချမ်းသာမှာကိုပင် စိုးရိမ်တတ်ကြလေသည်။

အကြောင်းမူကား အများအားဖြင့် ဆွေးမျိုးပေါက်ဖော်များအထဲတွင် ငါသာ ထိပ်တန်းဖြစ်ရမည်။ မည်သူမျှ ငါ့ကို လွှမ်းမိုးခြင်းမပြုရ။ ငါသည် ငါ၏အမျိုးစု၌ နေမင်း၊ လမင်းပမာ တစ်ဦးတည်း ထွန်းလင်းတောက်ပသူ ဖြစ်ရမည်ဟူသော စိတ်မျိုး ရှိသူတွေ များကြလေသည်။

ထိုကဲ့သို့ တစ်ဦးတည်း ကြီးကျယ်၍နေသောအခါ၌ကား ထိုမင်္ဂလာတရားကို သတိမမေ့တတ်ကြပေ။ သို့ပင် သတိမမေ့သဖြင့် ဆင်းရဲသောဆွေမျိုးများ၏ ဆင်းရဲသောကလေးသူငယ်များကို အိမ်သို့ခေါ်ကာ ကျွန်လိုခိုင်းပြီး အကြွင်းအကျန်ကို ကျွေးမွေးတတ်ကြလေသည်။ ထိုကဲ့သို့ ခိုင်းစေ၊ ကျွေးမွေးခြင်းကို ဉာတကာနဋ္ဌ သင်္ဂဟော ဟူသောပုဒ်နှင့် ညီလှပြီဟု မှတ်ထင်ကြလေသလား မသိရပေ။

အချို့ မိမိ၏အမျိုးကိုမကြည့်၊ ဂုဏ်ပကာသနအတွက်ကား အကြီးအကျယ် ပေးကမ်းလှူဒါန်းတတ်ကြ၏။ ဂုဏ်အသရေရှိရှိ အစိုးရအရာရှိ၊ လူကြီးလူကောင်းများက ဘာအရေး ညာအရေးဟု စာကလေးများနှင့် လာရောက်ပြောသည့်အခါ ငါးရာ ပက်ခနဲ၊ တစ်ထောင် ပက်ခနဲ ပေးလှူနိုင်သော်လည်း ဆင်းရဲသောဆွေမျိုးများကိုမူကား ရော့ ... ငါးဆယ်ရင်း၊ ရော့ ... တစ်ရာရင်း ဟု ပေးစွန့်လေ့မရှိကြပေ။ ချေးငှားခြင်းကိုလည်း မယုံကြည်၍ မပြုကြပေ။

mgyoe.com

mgyoe.com

၎င်းတို့အား တစ်စုံတစ်ယောက်က ထိုအပြစ်ကို ပြောချေက "လူမွဲတစ်အိမ်ထောင်ကို လူချမ်းသာ ဆယ်အိမ်ထောင် ဝိုင်းမသော်လည်း မပြောင်နိုင်" ဟု ပြောတတ်ကြပေလိမ့်မည်။

ထိုစကားအတိုင်း သိကြား မ,သော်လည်း မချမ်းသာနိုင်သူများလည်း အမှန်ရှိကြပေမည်။ ထိုကဲ့သို့ မ,၍ မဖြစ်သောသူများကား တစ်သက်လုံး ပေးကမ်း၍နေမှ ကျေနပ်ကြ၏။ နေ့စဉ် ပေးကမ်း၍ ကျွေးမွေးသော်လည်း မပေးမကမ်းနိုင်သော တစ်နေ့၌ ကျေးဇူးမဲ့စကားကို ပြောတတ်ကြ၍ ရန်လိုတတ်ကြလေသည်။ ဆင်းရဲစုတ်ပဲ့ ညှိုးဖျင်းသော ဆွေမျိုးများသည် ဆွေမျိုးတိုင်းမှာ ရှိမည်ကား အမှန်ဖြစ်လေသည်။

သို့သော်လည်း ဆွေမျိုးစုတစ်စု၌ ပါရှိသော ဆင်းရဲသူဟူသမျှသည် သိကြား မ,၍ မဖြစ်သော ထိုလူမျိုးသာ ရှိသည်မဟုတ်။ ယုံယုံကြည်ကြည်နှင့် အကြံကောင်းဉာဏ်ကောင်းကိုပေးကာ အဟုတ်တကယ် လုပ်ကိုင်ကြံစည် ကြီးကျယ်စေလိုသောစိတ်နှင့် ကူညီစောင်မက ကြီးပွားနိုင်သော သူဆင်းရဲတွေလည်း ရှိကြပေမည်။ တစ်မျိုးလုံး အကုန်အစင် အလှေးအညံ့တွေသာ ဖြစ်ကြမည်မဟုတ်ပေ။ ထိုကဲ့သို့ သဘောထားချေက ပစ္စည်းရှိသော ဆွေမျိုးသည် မိမိ၏မျိုးရိုးကို ရွတ်ချရာကျဖို့သာ ရှိလေသည်။

အများအားဖြင့် လူတစ်ယောက်ချမ်းသာသည့်အခါ ရင်းနှီးသော ဆွေမျိုးများထဲမှ မိမိနှင့် မတိမ်းမယိမ်း အလားတူ အခြေအနေရှိသူများကိုသာ အသိအမှတ်ပြုကြလေသည်။ အချို့လည်း ဂုဏ်ပြိုင်၍ နေကြ၏။ အများအားဖြင့်ကား ဆင်းရဲသော ဆွေမျိုးများကို ဆွေမျိုးမတော်လိုကြဘဲ မိမိထက်သာသော သူစိမ်း လူကုံထံများနှင့် စပ်ကာဟပ်ကာ ဆွေမျိုးဖွဲ့တတ်ကြလေသည်။ ဆင်းရဲသော ဆွေမျိုးများကိုကား ဆွေမျိုးဟူ၍ ပြောရမှာပင် ရှက်တတ်ကြလေသည်။

(Charity Begins at Home) ဟူသော စကားရှိ၏။ ကောင်းမှုကို နီးစပ်ရာ၌ စ၍ပြုရမည်။ ရင်းနှီးသူတို့အပေါ်၌ မကောင်းသူသည် လူကောင်းစင်စစ် မဖြစ်နိုင်ပေ။ ထိုလူမျိုးသည်လည်း အများအားဖြင့် ကြာမြင့်စွာ ကောင်းစားလေ့မရှိပေ။ အများအားဖြင့် ဆင်းရဲသောဆွေမျိုးများကို မကြည့်လိုသူတို့သည် ဆင်းရဲသော ဆွေမျိုးများအပေါ်၌ အပြစ်ကို ရှာတတ်ကြလေသည်။

လူမျိုး၏ စည်းလုံးခြင်း၊ လူမျိုး၏ ညီညွတ်ခြင်း၊ လူမျိုး၏ တိုးတက်ခြင်း၊ လူမျိုး၏ အားသည် ဆွေမျိုးစုများ၏ ကူညီရိုင်းပင်းခြင်း၌ တည်လေသည်။

သံကြိုးတစ်ခုလုံး၏အားသည် ကွင်းဆက်တစ်ခုခိုင်သလောက်သာ ခိုင်နိုင်

mgyoe.com

၏။ လူမျိုးတစ်မျိုးလုံး၏အားသည် အမျိုးစု၏အားရှိသလောက်သာ ရှိနိုင်လေသည်။

အမျိုးစုဟူသမျှသည် မိမိ၏အမျိုးဟူသမျှ ကြီးပွားနိုင်သမျှ ကြီးပွားအောင် ဂရုစိုက်ကြချေက မြန်မာလူမျိုးဟူသမျှ၏ အမျိုးအဆွေဟူသမျှသည် ကြီးပွားချမ်းသာရမည်သာတည်း။

"အရေးကြီးတော့ .. သွေးနီးရာ"ဟူသော စကားရှိလေရာ၊ တကယ့်အားကိုးရာသည် အားရှိသော ဆွေမျိုးသားချင်းများသာဖြစ်၍ မည်သူမဆို သူစိမ်းများကို ကြည့်ရှုထောက်ပံ့ခြင်းမပြုမီ မိမိ၏ဆွေမျိုးစု၌ မည်သူဖြင့် ငါ ကြည့်ရှုရလျှင် ကြီးပွားဖြစ်ထွန်းလိမ့်မည်ဟူ၍ ရှာကြံကာ မိမိ၏သားချင်းပေါက်ဖော် သွေးစပ်သူများကို ရှေးဦးပထမ ကူညီရိုင်းပင်းသင့်ကြလေသည်။

သို့မှသာ အတုံ့အလှည့်၏ အကျိုးဖြင့် ဆွေမျိုး၏အားသည် တိုးတက်နိုင်လေသည်။ မြန်မာလူမျိုးဟူသမျှ မိမိ၏ဆွေမျိုး အင်အားကို တိုးအောင် ကြိုးစားကြချေက တစ်မျိုးလုံး၏ အင်အားသည် သိသိသာသာ တိုးရမည်မဟုတ်ပါလော။

ဂျပန်ပြည်၌ မစ်ဆွီအမျိုးစုသည် နှစ်ပေါင်းသုံးရာကျော်အခါမှစ၍ ကြီးပွားပြီး လာလေရာ ယခုတိုင် မပျက်မစီး ကြီးကျယ်၍နေသဖြင့် ကမ္ဘာတစ်ဝန်းလုံးပင် ၎င်းတို့၏အကြောင်းကို သိကြလေသည်။

မျိုးချစ်စိတ်၊ အမျိုးသားကို စောင့်ရှောက်ခြင်းဟူသော စကားအရ ထိထိရောက်ရောက် ကျင့်လိုက မည်သူမဆို မိမိနှင့်သွေးစပ်ရာကို ကူညီ၍ ရိုင်းပင်းဖို့သာ လိုလေသည်။

သွေးနီးစပ်သူထက် သူစိမ်းကို ပိုမိုခင်မင်သည်ဟူသော စကားသည် မဟုတ်မမှန်၊ အချို့အဝက်သာ မှန်လေသည်။ တကယ့် အရေးကြုံသည့်အခါ ဆွေမျိုးအရင်းအချာအတွက်သာ အကုန်အကျ အနစ်အနာခံလေ့ ရှိကြလေသည်။ ဆွေမျိုးရင်းချာအတွက် အနစ်နာမခံသူများသည် သူစိမ်းအတွက် ခံကြရမည်မဟုတ်ပေ။

သို့ဖြစ်လေရာ ဆွေမျိုးရင်းချာကို မချစ်သူသည် မျိုးချစ်စိတ်ရှိပါသည်ဟု အဘယ်မျှပင် ပြောစေကာမူ၊ မျိုးချစ်တကယ် မဖြစ်နိုင်။ အတုအယောင်မျှသာ ဖြစ်ဖို့ရှိလေသည်။ အကြောင်းမူကား ဆွေမျိုးရင်းချာကိုမျှ မချစ်နိုင်သူသည် ဆွေမျိုးမတော်သော အမျိုးသားအပေါ်၌ အဘယ်မှာ ချစ်နိုင်ပါမည်နည်း။ ထိုလူမျိုးသည် အဘယ်သို့လျှင် မျိုးချစ်စိတ်ရှိသူ ဖြစ်နိုင်ပါမည်နည်း။

ဘားမားရျာနယ်၊ ဒုတိယတွဲ အမှတ် ၇၊ ၇-၈-၁၉၃၇။

❑

mgyoe.com

mgyoe.com

# နိုင်ငံခြားကို သွားကြ

ကျွန်ုပ်တို့လူမျိုးမှာ ယခုအခါ အထူးလို၍နေသောအရာကား နိုင်ငံခြားသို့ စွန့်စားသွားရောက် လုပ်ကိုင်ကြံစည် အသက်မွေးခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့လူမျိုးသည် ကျွန်ုပ်တို့ တိုင်းပြည်မှာသာ ရှိကြ၏။ အခြားတိုင်းပြည်များ၌ များစွာမရှိကြပေ။ ယိုးဒယားပြည်ကလေးတစ်ခုမှာသာ အနည်းငယ်ရှိကြလေသည်။

ကုလား၊ တရုတ်လူမျိုးများမှာကား ကမ္ဘာအနှံ့ရှိကြသောကြောင့် ကုလားဇာတ်၊ တရုတ်ဇာတ်၊ ကုလားရုပ်ရှင်၊ တရုတ်ရုပ်ရှင်များမှာ အဘယ်တိုင်းပြည်မှာမဆို ကြည့်သူ၊ အားပေးသူ၊ မိမိတို့အမျိုးသားများကို တွေ့ရကြလေသည်။

ကုလား၊ တရုတ် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများသည် ကမ္ဘာအနှံ့ ဖတ်သူရှိသဖြင့် ၎င်းတို့၏ဂျာနယ်လုပ်ငန်းမှာ မြန်မာဂျာနယ် အလုပ်ထက် များစွာပိုမိုကြီးကျယ်လေသည်။

၎င်းတို့၏ စာရေးဆရာများ ရေးသောကျမ်းများ၊ ဝတ္ထုများမှာလည်း ကမ္ဘာအနှံ့ဖတ်ကြသဖြင့် စာအုပ်တစ်အုပ်ကို ရေးရုံမျှနှင့် လူချမ်းသာ ဖြစ်ကြလေသည်။

ထို့ပြင် ၎င်းလူမျိုးတို့၏ တိုင်းပြည်များမှာ အကြောင်းကိစ္စတစ်ခုခုရှိသဖြင့် ငွေကြေးအကူအညီလိုသည့်အခါ ကမ္ဘာအရပ်ရပ်မှ အကူအညီကို ရကြလေသည်။ ကူးသန်းရောင်းဝယ်ရေး အလုပ်ကြီးများမှာလည်း နိုင်ငံခြားရှိ မိမိတို့အမျိုးသားများနှင့် ဆက်သွယ်နိုင်ကြသဖြင့် ကြီးမားသော အကူအညီကို ရကြလေသည်။

သတင်းစာများ၌လည်း နိုင်ငံခြားမှနေ၍ ရေးသော အမျိုးသားတို့၏ လက်စွမ်းကြောင့် အရေးအရာရောက်သော နိုင်ငံခြားသတင်းများကို ရကြသဖြင့် ဗဟုသုတ အကြားအမြင် ပို၍များကြလေသည်။

ဟောင်ကောင်မြို့မှ ပုံနှိပ်သော တရုတ်သတင်းစာ၊ မဂ္ဂဇင်းများသည် ဥရောပတိုင်း၊ အမေရိကန်တိုင်းမှ ထုတ်ဝေသော သတင်းစာ၊ မဂ္ဂဇင်းများနှင့်မခြား ခမ်းနားကြ

mgyoe.com

mgyoe.com


သည်။ ရေးသောစာများမှာ အမေရိကန်၊ အင်္ဂလိပ်စာမျိုးဖြစ်ရာ အကြောင်းအရာများမှာ တစ်ကမ္ဘာလုံးရှိ နိုင်ငံရေးသမားများ၊ အယ်ဒီတာများ၊ နိုင်ငံခြားအမတ်များ အရေးယူ၍ ဖတ်ရသော စာမျိုးတွေ ဖြစ်ကြလေသည်။

အကြောင်းမူကား အမေရိကတိုင်း သိပ္ပံကြီးများမှ ဘွဲ့ထူးများကို ရကြသော တရုတ်ပညာတတ်ပုဂ္ဂိုလ်ကြီးတွေ မြောက်မြားစွာရှိရာ ၎င်းတို့သည် တရုတ်ပြည်မှ ထုတ်ဝေသော သတင်းစာများ၌ ကူညီရေးသား အားပေးနိုင်ကြလေသည်။

ထိုတရုတ်ပညာတတ်များနှင့်စာသော် ကျွန်ုပ်တို့ ရန်ကုန်တက္ကသိုလ် ပညာတတ်များသည် ဆရာနှင့်တပည့်ငယ်များလို ခြားနားကြလေသည်။

တရုတ်လူမျိုး၊ ကုလားလူမျိုး များစွာတို့သည် မိမိတို့၏တိုင်းပြည်၌ ပညာများစွာ မတတ်ကြစေကာမူ အမေရိကတိုင်း၊ တောင်အာဖရိကတိုင်း၊ ကိုလိုနီတိုင်း နိုင်ငံများ၌ ရှိနေကြသဖြင့် ပညာတတ်၍ မျက်စိနားကြီးသောသူတွေ မြောက်မြားစွာ ရှိကြလေရာ ၎င်းတို့၏ ကူညီထောက်ပံ့ခြင်းသည် အဖိုးမဖြတ်နိုင်အောင် ကြီးမားလေသည်။

ကျွန်ုပ်တို့မှာ ထိုကဲ့သို့သော အခြေအနေကို ရောက်ဖို့ရန် လွန်စွာဝေးကွာလျက် ရှိနေသည်ကား စွန့်စားသွားလာ ပေါက်ရောက်ခြင်းမရှိသောကြောင့် ဖြစ်လေသည်။

ခရီးပေါက်ရောက်သော လူမျိုးမှာ ထုတ်ကုန်၊ သွင်းကုန်အလုပ်ကြီးများအတွက် အချက်ကောင်း၊ နေရာကောင်းများကို သိမြင်ကြလေသည်။ သို့ဖြစ်လေရာ မြန်မာပြည်၌ အလုပ်တစ်ခုခုဖြင့် ကြီးပွားသော ကုလားလူမျိုးသည် မိမိ၏အလုပ်ကို အဘယ်နိုင်ငံအထိ ချဲ့ရမည်ဟူသောအကြောင်းကို သိကြလေသည်။ သိသည့်အတိုင်းလည်း ချဲ့ထွင်ကြလေသည်။

ကျွန်ုပ်တို့လူမျိုးမှာ ထိုအသိ၊ ထိုအမြင်မျိုး မရှိသည့်အတွက် အကြီးဆုံးသော အလုပ်မှာ ဆန်စက်အလုပ်တစ်ခုသာ ရှိသဖြင့် ထိုအလုပ်မကောင်းလျှင် အခြားလုပ်စရာမရှိ၊ ငုတ်တုတ်ထိုင်ကာ မြင်းမွေးရတော့မလို၊ အမတ်လုပ်ရတော့မလို ဖြစ်ကြရလေသည်။

ဆန်အလုပ်ဖြင့် ငွေကြေးမြောက်မြားစွာရသော သူဌေးများလည်း ထိုအလုပ်ပျက်သောအခါ ဘာကိုလုပ်ရမှန်းမသိဘဲ နေကြရလေသည်။

နိုင်ငံခြားသို့ စွန့်စားသွားရောက် စာရေးစာချီ အစိုးရအမှုထမ်း လူစားမျိုးထက် ကူလီ၊ ဆင်းရဲသား၊ ခေါင်းရွက်ဈေးသည် အလုပ်များမှစ၍ တစ်စ တစ်စ အမြင်အကြား တိုးတက်ကာ နိုင်ငံခြား၌ ကြီးပွားကြသူများက ပိုမိုများပြားလေ

mgyoe.com

mgyoe.com


သည်။ ၎င်းတို့၏သား၊ မြေးများကြမှသာ နိုင်ငံခြား၌ ပညာတတ်များ ဖြစ်ကြရလေသည်။

သို့သော်လည်း ကုလား၊ တရုတ်များမှာ ဆင်းရဲလွန်းလှသဖြင့် မိမိတို့၏ ရပ်မြေကို စွန့်ကြရသည်။ မြန်မာလူမျိုးများမှာ စွန့်ရလောက်အောင် မဆင်းရဲသေးဟု ပြောကြပေလိမ့်မည်။ မဆင်းရဲသဖြင့် ဘာကိုမျှမလုပ်ဘဲ သက်သာခို၍နေမည့်အစား မလုပ်လျှင်မနေရသော နိုင်ငံခြားသို့ သွားရောက်ခြင်းက ပိုမို၍ ကောင်းလိမ့်မည်ဟု ကျွန်ုပ်၏စိတ်၌ အမြဲစွဲပိုက်၍ ထားလေသည်။

ဤတိုင်းပြည်၌ လူတစ်ယောက်သည် အောက်ကျသောအလုပ်များကို ရှက်သဖြင့် မလုပ်ဘဲနေသော်လည်း မိမိကို မည်သူမှမသိသော နိုင်ငံခြားသို့ရောက်သောအခါ အောက်ကျနောက်ကျခံ၍ လုပ်ဖို့ရန် များစွာခက်မည်မဟုတ်ပေ။ အောက်ကျနောက်ကျခံမှလည်း အထက်သို့ ရောက်နိုင်လေသည်။

မြန်မာလူမျိုးသည် မြန်မာပြည်မှာ နေသမျှကာလပတ်လုံး အဘယ်သောအခါမျှ အောက်ကျခံမည်မဟုတ်။ မင်းစိတ် စိုးစိတ်နှင့် တဖြည်းဖြည်းခေါင်းပါးပြီး တစ်မျိုးလုံး ကွယ်ပျောက်ကာ နာမည်သာ ကျန်ရစ်မည်ကား တန်းတန်းမတ်မတ်ကြီး မြင်နိုင်လေသည်။

ဘားမားဂျာနယ်၊ နံပါတ် ၄၉၊
၁၉၃၇ ခု၊ မေလ ၁၄ ရက်။

❑

mgyoe.com

mgyoe.com

# ပညာရှိ

အဘယ်လူမျိုးကို ပညာရှိဟု ခေါ်သနည်း။

*"အထက်မြန်မာပြည်အတွက် တွေးတောသောအရာသည် အောက်မြန်မာပြည်အတွက် ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။"*

လောကမှာ ပညာရှိဟူသောစကားသည် အထင်အရှားရှိသော်လည်း ပညာရှိကား အထင်အရှား မရှိပေ။ တစ်ခါတစ်ရံ အမျိုးသားအရေးနှင့် ပတ်သက်၍ ဟုတ်ရာမှန်ရာကို လုပ်မိသဖြင့် ပညာရှိဟူသော ဘွဲ့အမည်ကို ရကြသော သူများ ရှိကြလေသည်။ သို့သော်လည်း ထိုသူများသည် ပညာရှိဟူသော အမည်နှင့် မကိုက်မညီသော အမှုများကို မသေမီ လုပ်နိုင်ကြလေသည်။

လောကမှာ ပညာရှိဟူ၍ မရှိနိုင်ပေ။ ပညာတစ်မျိုး နှစ်မျိုးကို တတ်သူများသာ ရှိနိုင်လေသည်။ ပညာရှိဆိုသည်မှာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောကောင်းကျိုးကို သိသူများ ဖြစ်ကြရလေသည်။ ထိုအသိမျိုးကို ဘုရား၊ ရဟန္တာများမှတစ်ပါး မည်သူမျှ မရကြပေ။ ရှေးအခါက အမတ်ပညာရှိ၊ လူပညာရှိဟု အခေါ်ခံရသူများ ရှိကြလေသည်။

သို့သော်လည်း စင်စစ်အမှန် ပညာရှိကြသည်မဟုတ်။ တစ်ခုခုသောအလုပ်၌ ကံစွပ်မိ၍သော်လည်းကောင်း၊ ဉာဏ်စွပ်မိ၍သော်လည်းကောင်း၊ လမ်းမှန်ကို ရောက်သဖြင့် အမျိုးသားအပေါင်းတို့ကို ကယ်ဆယ်နိုင်သူများ ဖြစ်ကြလေသည်။ အဟုတ်အမှန်၊ အမြဲအားဖြင့် မလွဲနိုင်သော ဟုတ်မှန်ခြင်း၏ အသိပညာကို အခါခပ်သိမ်း ရကြသူများ မဟုတ်ပေ။

ဤစကား၌ ဘုရား၊ ရဟန္တာမှသာ ပညာရှိဖြစ်ရသည်ကဲ့သို့ ကျွန်ုပ်တို့ရေး၍ထား၏။ ဤစကားသည်လည်း မှန်၏။ ဘုရား၊ ရဟန္တာမှသာ အမှန်ကိုသိနိုင်၏။

mgyoe.com

mgyoe.com

ထိုမှတစ်ပါး မည်သူမျှ အမှန်ကို မသိနိုင်ပေ။ အမှန်ကို မသိနိုင်က ပညာရှိဖြစ်မည် မဟုတ်ပေ။

သို့သော်လည်း ပညာရှိဆိုထိုက်သော လူတစ်မျိုးသည် ဘုရား၊ ရဟန္တာ မဟုတ်သော ပုထုဇဉ်လူမျိုးများအနက် ရှိကြလေသည်။ ထိုအသိသည်ကား အခြား မဟုတ်၊ (ဘာကိုမျှ စိတ်ချလက်ချ မသိခြင်းဖြစ်လေသည်။)

လောက၌ အမှန်ဟူ၍ သချာၤအတတ် မှန်စွာရှိ၏။ အခြားကိစ္စများ၌ကား အမှန်ဟူ၍ ဆုံးဖြတ်ဖို့ရန် လွန်စွာခဲယဉ်းလေသည်။

နိုင်ငံရေးအရာ၌ ထိုကဲ့သို့သော ခဲယဉ်းခြင်းများကို များစွာ တွေ့ရလေသည်။ ယခု အနှစ်တစ်ရာအတွက် မှန်ကန်သောအတွေးအခေါ်သည် နောင်အနှစ်တစ်ရာ အတွက် မှားနိုင်လေသည်။ ထိုအနှစ်တစ်ရာအတွက် မှားသော်လည်း နောက် တတိယအနှစ်တစ်ရာအတွက် မှန်နိုင်လေသည်။ အမှန်သည် "ခေါက်ရှာငှက် ပျံ သလို" ဖြစ်တတ်လေသည်။

ဤပစ္စက္ခအချိန်အတွင်း၌လည်း ဆုံးဖြတ်ချက်တစ်ခုခုသည် လူအမျိုးမျိုး အတွက် မှန်နိုင်မည်မဟုတ်ပေ။ ဆင်းရဲသားများအတွက် ဟုတ်မှန်သော တွေးတော ထင်မြင်ချက်သည် သူဌေးအတွက် မှန်ချင်မှ မှန်ပေလိမ့်မည်။ အထက်မြန်မာပြည် အတွက် တွေးတောသောအရာသည် အောက်မြန်မာပြည်အတွက် ဟုတ်ချင်မှ ဟုတ် ပေလိမ့်မည်။

သို့ဖြစ်လေရာ ထင်မြင်ချက်တို့မည်သည် အမှန်ကို ရောက်သည်ဟူ၍ သေချာ စွာ မပြောနိုင်ပေ။ သို့ဖြစ်လေရာ ပညာရှိဆိုသည်မှာ အဘယ်အရာနည်းဟူသော အမေး၌ ဖြေဆိုရန်ကား အဘယ်အရာကိုမျှ စိတ်ချလက်ချ မယုံနိုင်သောသူသည် ပညာရှိ ဖြစ်လေသည်ဟု ဖြေဆိုရပေသတည်း။

ဘားမားဂျာနယ်၊ ဒုတိယတွဲနံပါတ် ၃၅၊
၅-၁-၁၉၃၈။

❑

mgyoe.com

mgyoe.com

# ဘာကြောင့် ပီမိုးနင်း ဖြစ်ရသနည်း

တစ်သက်တည်းတွင် ဘဝအမျိုးမျိုး ပြောင်းလဲသော ဆရာပီမိုးနင်းသည် ဘုရင်ဂျီဘုန်းကြီးဝတ်ရန် ပလောပီနံသိပ္ပံသို့ စာသင်သွားခဲ့၏။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးလည်း ဖြစ်ခဲ့ဖူး၏။ တံငါအလုပ်၊ တောင်သူအလုပ်၊ စာရင်းငှားအလုပ်၊ ကျောင်းဆရာအလုပ်၊ အယ်ဒီတာဆရာအလုပ်များကို လုပ်ခဲ့ဖူးသေး၏။ ကဗျာရေးခြင်း၌ ဝါသနာထုံခဲ့၏။ ကဗျာဉာဏ် ရှိဖူး၏။ သို့သော် ဝတ္ထုရေးဆရာ ဖြစ်လာရ၏။ ကဗျာရေး စာရေး ဝါသနာကြီးလှသဖြင့် အစိုးရအလုပ်တစ်ခုကို စွန့်ခဲ့၏။

ဘုရင်ဂျီဘာသာ၊ ဟိန္ဒူဘာသာ၊ သီယိုဆိုဖီ၊ ဝိညာဉ်ပညာများကိုလည်း ဘာသာနှင့် ပတ်သက်၍ အတော်ပင်စုံစမ်းခဲ့၏။ ထို့နောက် ဗုဒ္ဓဘာသာထက်မှန်သော ဘာသာမရှိကြောင်းကို ပိုင်နိုင်စွာသိရလေသည်။ သိပင်သိသော်လည်း ကျွန်ုပ်၏ ဗုဒ္ဓဘာသာသည် ယခုတိုင် အများတွေးခေါ်ယူဆပုံနှင့် နေရာတိုင်းမှာ တူသည်ဟု မဆိုနိုင်သေးပေ။

အလုံ ဘပွတစ်အင်္ဂလိပ်ကျောင်း၌ လက်တင်ဆရာလိုသဖြင့် မောင်ကျော်ဟူသော နာမည်နှင့်လျှောက်ရာ မြန်မာလူမျိုးကို လက်တင်ဆရာခန့်လျှင် ပညာရေးဌာနက ကန့်ကွက်လိမ့်မည်ဟု ကျောင်းအုပ်ကြီးက ပြောသောကြောင့် နောက်တစ်နေ့ ဘောင်းဘီဝတ်ပြီး ပီမိုးနင်းအမည်နှင့် ကိုယ်တိုင်သွား၍ ပြောကာမှ အလုပ်ရခဲ့ပါသည်။

မိဘမှာ မချမ်းသာ၊ ဆင်းရဲလှသဖြင့် ၁၀ နှစ်သားအထိ ကလေးထိန်း ထမင်းချက်အလုပ်ကို လုပ်ခဲ့ရပြီးနောက် ပညာသင်လိုသဖြင့် အိမ်မှထွက်ပြေးခဲ့ရာ သုံးဆယ်မြို့ အာ–စီ–အင် ကျောင်းသို့ ရောက်ပြီး ထိုမှတစ်ဆင့် ဘုရင်ဂျီဘုန်းကြီးလုပ်ရန်အတွက် ပလောပီနံမြို့ရှိ General College ခေါ် သိပ္ပံကိုသွားလျက် ပညာသင်ခဲ့ရလေသည်။ မြန်မာစာမှာ ဖတ်နိုင်ရေးနိုင်ရုံမျှ တတ်၏။

mgyoe.com

mgyoe.com

ထိုသိပ္ပံ၌ အင်္ဂလိပ်လက်တင်ဘာသာစာများနှင့် အခြားကောလိပ်ပညာ ဖြစ်သော လောကီပညာအမျိုးမျိုးကို သင်ကြားပြီးနောက် Logic ခေါ် တက္ကပညာကိုသင်ရာ၌ ဘာသာနှင့်ပတ်သက်၍ အတွေးအကြံတစ်မျိုး ပေါ်ပေါက်ခဲ့လေသည်။ ဖီလော်ဆော်ဖီကို သင်၍ပြီးသောအခါ စိတ်သည် သာလွန်ဖောက်ပြန်၍ လာသဖြင့် မြန်မာပြည်သို့ ပြန်၍ရောက်သည်နှင့် တစ်ပြိုင်နက် သုံးဆယ်ရွာ မိမိ၏ဖွားရာဇာတိရှိ ဆရာတော် ဦးအာလောကကျောင်း၌ သာမဏေလုပ်ရာတွင် ဘရင်ဂျီဘာသာကို သပိတ်မှောက်လိုက်လေသည်။

ထိုကျောင်း၌ မြန်မာစာကို အနည်းငယ်ဆက်လက်၍ သင်ပြီး တစ်လမျှ အကြာတွင် လိင်ပြန်၍ မိခင်နှင့်အတူ ပြန်၍နေ၏။ မိခင်မှာ ထိုအခါ၌ အရင် ကျွန်ုပ်ငယ်စဉ်ကလောက် မဆင်းရဲသဖြင့် အလုပ်မလုပ်ဘဲ နှစ်နှစ်ပတ်လုံး မြန်မာစာ အမျိုးမျိုးတို့ကိုသာ ဖတ်၍ နေခွင့်ရခဲ့လေသည်။

စာရေးဝါသနာမှာ ပလောပီနံသိပ္ပံ၌ပင် ပေါ်ပေါက်ခဲ့၏။ ထိုအခါ၌ ကျောင်းသားများသိဆိုရန် လက်တင်တေးများကို အတော်များများစွာပင် ရေးခဲ့ဖူးလေသည်။ ညဥ့်အခါများ၌ မိမိထက်ငယ်သော ကျောင်းသားများအား လက်တင်ပုံများကို လက်တင်ဘာသာဖြင့် အခါခါ ပြောခဲ့လေသည်။

မြန်မာစာများကို ဖတ်သောအခါ မြန်မာလို တေးထပ်၊ စာထောင့်၊ ပျို့များကို စ၍ ရေးခဲ့၏။ စာဝါသနာအားကြီးသဖြင့် လူကြီးများ သွင်းပေးသော အစိုးရအလုပ်တစ်ခုကိုပင် စွန့်လိုက်လေသည်။ ထိုအခါ ဇာတ်စာအုပ်တွေ များစွာပေါ်သော်လည်း ဇာတ်ရေးဖို့စိတ် အကြံမပြု။ တေးကလေး၊ ကဗျာကလေးများကိုသာ အပျော် ရေးစပ်လေ့ ရှိပါသည်။ ဝတ္ထုရေးဖို့ကိုလည်း တစ်ခါတစ်ရံမျှ တွေးကြံခြင်းမပြု။ ယခုကဲ့သို့ ဝတ္ထုခေတ်မျိုး၊ သတင်းစာခေတ်မျိုး ရောက်၍လာမည်ကိုလည်း မတွေးမခေါ်၊ မထင်မမြင်။ စိတ်အပျော်သက်သက် ရေးခဲ့ခြင်းမျှ ဖြစ်လေသည်။ ထိုအခါ၌ အင်္ဂလိပ်သတင်းစာများကိုသာ တွေ့ဖူးသဖြင့် အင်္ဂလိပ်လိုရေးဖို့သာ စိတ်အကြံရှိခဲ့လေသည်။ သို့သော်လည်း မရေးခဲ့ပေ။ မိမိကိုယ်ကို စာရေးဆရာဖြစ်လိမ့်မည်ဟူ၍လည်း မျှော်လင့်ခြင်းမရှိ။ မရေးဘဲမနေနိုင်၍ အပျော်သက်သက်မျှ ရေးခြင်းဖြစ်လေသည်။ မြန်မာစာဖတ်ခြင်းမှာကား ဘာသာအတွက် ဖြစ်လေသည်။ ဟိန္ဒူဘာသာ၊ သီယိုဆိုဖီ ဝိညာဉ်ပညာများကိုလည်း ဘာသာနှင့်ပတ်သက်၍ အတော်ပင် စုံစမ်းခဲ့၏။ ထို့နောက် ဗုဒ္ဓဘာသာထက်မှန်သော ဘာသာမရှိကြောင်းကို ပိုင်နိုင်စွာသိခွင့်ရလေသည်။ သိပင်သိသော်လည်း ကျွန်ုပ်၏ ဗုဒ္ဓဘာသာသည် ယခုထက်တိုင် အများတွေးခေါ် ယူဆပုံနှင့် နေရာတိုင်းမှာ တူသည်ဟု မဆိုနိုင်သေးပေ။ ကမ္ဘာ္ဘာဒ်နှင်း

mgyoe.com

ဘာဝနာဆရာများနှင့် ထူးဆန်းသော ပရမတ်ဆိုသည့် ဆရာများကိုလည်း အမျိုးမျိုး ဆည်းကပ်ဖူးခဲ့လေသည်။ ယခုမှသာ စိတ်ချလက်ချ ကိုယ်တိုင် အသိတစ်ခုကို ရ လေသည်။

စာများကိုဖတ်ခြင်းသည် စာအတွက်မဟုတ်၊ လောကကြီးအကြောင်းနှင့် ပတ်သက်၍ အမှန်ကိုသိလိုသောစိတ်နှင့် ဖတ်ခြင်းမျှဖြစ်၏။ စာရေးဆရာလုပ်ဖို့ ဖတ်ခြင်းမဟုတ်ပေ။ စာရေးခြင်း စာစပ်ခြင်းမှာကား ပင်ကိုဝါသနာဖြစ်သောကြောင့် မရေးမစပ်ဘဲ မနေနိုင်။ စင်စစ်မှာ ကျွန်ုပ်သည် ဝတ္ထုရေးဆရာမဟုတ်၊ ကဗျာသမား ဖြစ်၏။ ကဗျာဖြင့် ငွေကြေးမရ၊ ခေတ်ကာလကို ကြည့်လျှင်လည်း ကဗျာခေတ် မဟုတ်။ လက်တွေ့ခေတ်၊ အမြန်ခေတ်ဖြစ်သည်ကို သိရသောကြောင့် ကဗျာကို စွန့်လွှတ်ခဲ့ခြင်း ဖြစ်လေသည်။

အိမ်၌ ၂ နှစ်ကျော်ကျော် ပျော်ပျော်ကြီး မြန်မာစာများကို ဖတ်ပြီးနောက် လယ်တီဆရာတော်ကြီးကို ပြည်မြို့၌ ဖူးရသဖြင့် ပဋ္ဌင်းခံပြီး ပြည်မြို့မှာ ဝါတွင်း၌ နေခဲ့ပြီးနောက် ရန်ကုန်မြို့ အလယ်တောရ အင်္ဂလိပ်ဗုဒ္ဓဘာသာဘုန်းကြီး အာနန္ဒာ မိတ္တေယျနှင့် တစ်နှစ်နေရာ ဗုဒ္ဓဘာသာစာများနှင့် လောကဓာတ်ကျမ်းများကို အင်္ဂလိပ် လို အတော်ပင် များစွာဖတ်ခဲ့ရလေသည်။ အာနန္ဒာမိတ္တေယျကိုယ်တော်မှာ ဓာတုဗေဒ ဆရာကြီးဖြစ်ရာ ကြီးကျယ်သော ဓာတုဗေဒအခန်းကြီးနှင့် လူ၏စိတ်ကို ဓာတ်ပုံ ရိုက်ရန် ငွေပေါင်းထောင်သောင်းမက အကုန်ခံ ကြံစည်စမ်းသပ်၍နေသူ ဖြစ်လေ သည်။

၎င်း၏ ရည်ရွယ်ချက်မှာ အဘိဓမ္မာ၌ ပါရှိသော ဝိထိကျပုံကို ဓာတ်ပုံရိုက် ပြီး မြတ်စွာဘုရားဟောခဲ့သော အဘိဓမ္မာဟုတ်မှန်ကြောင်းကို ဥရောပတိုင်း၌ ဓာတ် ပုံနှင့်ဟောဖို့ ကြံခြင်းဖြစ်ပေ၏။ မအောင်မမြင်သေးမီ ပန်းနာရောဂါဖြင့် ဘိလပ်ကို ပြန်၍ ပျံတော်မူရရှာလေသည်။ အားပေးကူညီသူတို့မှာ မင်းကတော်ကြီး ဒေါ်မြမေ၊ ဒေါက်တာရှော့စ်၊ မစ္စတာမက္ကနီ၊ ဦးသော်၊ ဦးစံရွှေအောင်မှစ၍ များစွာသော လူကြီး လူကောင်းများ ဖြစ်ကြလေသည်။ ထိုအခါ၌ ထိုကိုယ်တော်သည် ၎င်းလူကြီး လူ ကောင်းများနှင့်အတူ ဗုဒ္ဓသမာဂမခေါ် နိုင်ငံခြားဗုဒ္ဓဘာသာအသင်းကြီးတွင် ဥက္ကဋ္ဌ အဖြစ်နှင့် ဆောင်ရွက်၍ ထိုအသင်းကထုတ်သော အင်္ဂလိပ်လို ဗုဒ္ဓဘာသာမဂ္ဂဇင်း ကြီးကို ရေးသားစီမံထုတ်ဝေ၍ နေရာ ကျွန်ုပ်မှာ ၎င်းကိုယ်တော်အား စက္ကရီထေရီ အဖြစ်နှင့် ကူညီခဲ့ရလေသည်။ ထိုမဂ္ဂဇင်းကြီးမှာ တစ်ကမ္ဘာလုံး သွားသော မဂ္ဂဇင်း ကြီး ဖြစ်လေသည်။

ရဟန်းခံသည်မှာလည်း ပြည်မြို့၌ တွေ့ခဲ့ရသော ပထမဇနီးသည်

mgyme.com

mgyoe.com

ကွယ်လွန်အနိစ္စရောက်ခြင်းကြောင့် စိတ်လက်အတော်ပင် မငြိမ်မသက် ဖြစ်၍ ရဟန်းဘောင်သို့ ဝင်ခြင်းဖြစ်ရာ မြန်မာစာရေးသားခြင်းအလုပ်ကို လုံးလုံးမေ့လျော့၍နေ၏။ ထိုကဲ့သို့နေသည်အတွင်း ကြည့်မြင်တိုင်တစ်ဖက်၊ ကျောင်းဝိုင်းရွာက သဒ္ဒါကျမ်းဂန်များကို လွန်စွာတတ်သော ဘုန်းကြီးတစ်ပါးနှင့် တွေ့သဖြင့် မြန်မာစာကို သင်လိုသောကြောင့် အာနန္ဒာမိထေရထံ အခွင့်ပန်၍ လိုက်သွားရာ ၎င်းဘုန်းကြီးထံ သဒ္ဒါကိုသင်၍နေစဉ် ထိုဘုန်းကြီး လူထွက်သဖြင့် စိတ်ပျက်ပြီး သင်္ကန်းကိုစွန့်ကာ လယ်သူကြီးတစ်ယောက်အိမ်၌ စာရင်းငှားလုပ်၍ နေရ၏။ ထိုအခါ၌ အင်္ဂလိပ်စာတတ်သူများမှာ ရန်ကုန်မြို့၌ လေးငါးဆယ်စားအလုပ်ကို လွယ်ကူစွာရနိုင်ပါလျက် မလုပ်နိုင်။ ချောင်းကြိုချောင်းကြား တောရွာများ၏ အခြေအနေကိုကြည့်ကာ တေးကဗျာရေးစပ်ခြင်းဖြင့် ပျော်ပိုက်၍နေရသောကြောင့် ရန်ကုန်ဘက်ကို မကူးဘဲ တစ်နှစ်ကျော် လယ်အလုပ်ကို လုပ်၍နေရ၏။ အားလပ်သည့်အခါ လယ်ငါးစင်ရိုင်း၊ ဖောင်စီးဂဏန်းများကို ဖမ်းရင်း ထောင်ရင်း တေးကဗျာများကို ရေးစပ်ကာ ဆွေမရှိ မျိုးမရှိ တစ်ရပ်တစ်ရွာ၌ ပူပန်သောက တစ်စုံတစ်ရာမျှမထားဘဲ ပျော်ပိုက်၍ နေခဲ့လေသည်။

ငွေကြေးရဖို့ လခစားအလုပ် လုပ်ဖို့၊ ဝတ်ဖို့၊ စားဖို့အတွက် ပူပင် ခြင်းမရှိ။ တောဓလေ့ဘာဝ ရသမျှနှင့် ရောင့်ရဲလျက် နေရလေရာ ကိုယ်ခန္ဓာအလုပ် အတွက် အတန်ငယ်ပင်ပန်းခြင်းမှတစ်ပါး အခြားအယူမရှိ။ ထိုအခါသည် ကျွန်ုပ်၏ တစ်သက်၌ အပျော်ဆုံးအခါ ဖြစ်ခဲ့လေသည်။

တစ်နှစ်ကျော်ခန့် ထိုကဲ့သို့နေရာ မိခင်ပမာ ချစ်ခင်ရှာသော အိမ်ရှင်မိန်းမကြီး သေဆုံးသဖြင့် ဆက်လက်ကာ ကြုံရာလူကို ခင်မင်ပြီး မြစ်ကြိုချောင်းကြား မြို့ငယ်ရွာငယ်များကို လှည့်လည်၍ အတန်ကြာနေခဲ့ရာတွင် မြေပိုင်ရှင်တောသူဌေးတစ်ယောက်က ခင်မင်၍ ခေါ်ထားသဖြင့် ၎င်း၏သားတစ်ယောက်ကို အင်္ဂလိပ်စာသင်ပေးရင်း တေးကဗျာရေးစပ်ရင်း နေခဲ့ရလေသည်။ ၎င်းအိမ်၌ သမီးပျိုချောချောတစ်ယောက် ရှိသဖြင့် လူကြီးများကလည်း လိုလားပုံရသောကြောင့် အခြေစိုက်တော့မည်အကြံနှင့် စိတ်ချလက်ချနေရာ သုံးလလောက် ကြာသောအခါ ကယ်ပါသူဌေးကြီး၏အိမ် ဖြစ်၍နေသည်ကို သိရသဖြင့် ပြေးရှောင်ထွက်ခဲ့ရပြီးနောက် ရေးခဲ့သောစာတိုစာစဟူသမျှကိုပိုက်ပြီး ရန်ကုန်သို့လာ၍ ဟံသာဝတီသတင်းစာတိုက်ကို သွား၍ပြပါကြောင်း၊ စာများကို အားကိုးပြီး ရန်ကုန်မြို့မှာ တနင်္ဂနွေတစ်ပတ်သာသာလောက် တလည်လည်နှင့် ကုလားပဲ၊ ပြောင်းဖူး၊ ကန်စွန်းဥများနှင့် အသက်ဓာတ်မီးကလေးကို မငြိမ်းအောင် မွေးခဲ့ရလေသည်။

နောက်ဆုံး၌ စာများအကြောင်းကို သွား၍မေးသောအခါ ပတ်တူဖိနပ်၊ ခြေ

mgyoe.com

အိတ်အနီ၊ ဆံပင်ဆံတို၊ စွပ်ကျယ်အင်္ကျီနှင့် ပဒုမ္မာရင်ဖုံးအင်္ကျီ၊ အချိတ်လုံချည်နွမ်းနွမ်းနှင့် အသက် ၂၀ ကျော်၊ တောသားကလေးကို တိုက်ရှင်သူဌေး မစ္စတာရစ်ပလီက အကဲမရသောကြောင့်ပေလားမသိရ။ စာများအကြောင်းနှင့်ပတ်သက်၍ ဆရာများက ဆုံးဖြတ်ချက် မချသေးကြောင်းနှင့်ပြောရာ စာများကို မယူလျှင် အလုပ်တစ်ခုခုပေးပါဟု အရဲစွန့်၍ ပြောမိလေသည်။ သူဌေးက ချက်ချင်းစမ်းသပ်၍ ကြည့်ရာ သဘောကျသဖြင့် တစ်လ ၃၀ိ နှင့် ဘာသာပြန်အလုပ်ကိုပေးပြီး တာမွေရှိ မိမိ၏အိမ်သို့ ခေါ်၍သွားလေသည်။ သူဌေးမင်းက အိမ်သားများစားသော စားပွဲမှ ထမင်းကိုကျွေးပြီး မြင်းဇောင်းအပေါ်ရှိ အခန်းတစ်ခုကိုပေး၏။ လခသုံးဆယ်မှာ အသားတင်ဖြစ်သဖြင့် မရွယ်ဘဲနှင့် ဇော်ကဲမင်းဖြစ်ဆိုသလို အဘယ်အခါမျှ စာရေးဆရာအလုပ်ကို လခနှင့်လုပ်ရမည် မထင်ခဲ့သူမှာ ထီကြီးပေါက်သလို ဖြစ်၍ သွားလေသည်။

ငင်းတိုက်၌ ၆ လလောက်သာလုပ်ပြီး တစ်ညနေ၌ တာမွေသို့အပြန်မှာ သုံးဆယ်က အသိတစ်ယောက်နှင့်တွေ့သဖြင့် ရပ်ရွာမရောက်သည်မှာ ကာလနှစ်အတော်ကြာပြီဖြစ်သောကြောင့် ထိုလအတွက် လခကိုမျှ မယူဘဲ အလုပ်ကိုစွန့်ပြီး သုံးဆယ်သို့ ပြန်သွားလေသည်။ ထို့နောက် မိတ်ဆွေများ၏အကူအညီဖြင့် သုံးဆယ်မြို့၌ စာပုံနှိပ်စက်တစ်ခုကို ဖွင့်လှစ်ပြီး မြန်မာ့မိတ်ဆွေခေါ် မဂ္ဂဇင်းကို ထုတ်၏။ ငင်းနောက် မိန်းမယူပြီး အတည်တကျနေရာတွင် စစ်ကြီးဖြစ်လာသောအခါ စက္ကူများ လွယ်ကူစွာမရ၊ အလုပ်လည်း စည်းစနစ်မကျ၊ မှန်းချေမပေါက်သောကြောင့် ခြောက်နှစ်သားဖြစ်သော သားကျော်စိုးနှင့် ငင်း၏မိခင်ကို ထားခဲ့ပြီး ရန်ကုန်မြို့ သူရိယတိုက်၌ စစ်သတင်းများကို ပြန်ဆိုရေးသားသော အလုပ်ကို စ၍ လုပ်ရလေသည်။ ထိုအတွင်း ဦးရွှေကြူးနှင့်တွေ့ရာ မြန်မာ့အလင်းနေ့စဉ်သတင်းအတွက် တစ်ယောက်တည်းသော အယ်ဒီတာအလုပ်ကို လုပ်ရလေသည်။

ထိုအခါ၌ အင်မဒင်သဘော်သည် ဘင်္ဂလားပင်လယ်အော်၌ ရမ်းကား၍နေသော အခါသမယဖြစ်ရာ စစ်သတင်းများနှင့်ပတ်သက်၍ မြန်မာ့အလင်းမှာ အတော်တွင်ကျယ်ခဲ့လေသည်။ ထိုအခါ၌ ငမိုးလက်ချက်နှင့် အနိစ္စရောက်ရှာသော ဆရာသင်မှာ စာများကိုပြင်သူ ဖြစ်လေသည်။ ဦးရွှေကြူး ဂျပန်ကိုသွားသောအခါ သတင်းစာရပ်၍ သူရိယသို့ ဆပ်အယ်ဒီတာအလုပ်နှင့် ပြန်ပြီး တစ်နှစ်လောက်လုပ်၏။

အလုံ ဘပွတစ် အင်္ဂလိပ်ကျောင်း၌ လက်တင်ဆရာလိုသဖြင့် မောင်ကျော်ဟူသောနာမည်နှင့် လျှောက်ရာ မြန်မာလူမျိုးကို လက်တင်ဆရာခန့်လျှင် ပညာရေးဌာနက ကန့်ကွက်လိမ့်မည်ဟု ကျောင်းအုပ်ကြီးကပြောသောကြောင့် နောက်တစ်နေ့

mgyoe.com

ဘောင်းဘီဝတ်ပြီး ပီ–မိုးနင်း အမည်နှင့် ကိုယ်တိုင်သွား၍ ပြောကာမှ အလုပ်ကို ရခဲ့ပါသည်။

တစ်နှစ်ကြာသောအခါ ပညာအလင်းမဂ္ဂဇင်းနှင့် သတင်းစာဖွင့်သဖြင့် စာရေးဝါသနာပါသောကြောင့် ၎င်းတိုက်ကို ရောက်၍သွားရပါကြောင်း။ ထိုအခါ "ပိုက်ဆံကြီး"အမည်နှင့်ရေးခဲ့ရာ၊ ၎င်းတိုက်မှထွက်သောအခါ "ပိုက်ဆံကြီး"ကို တိုက်ရှင်က အတင်းယူသည့်အတွက် "ပီ–မိုးနင်း"နာမည်ကို အသုံးပြုရပါကြောင်း။ ပညာအလင်းကို မရောက်မီ ခင်ထား–ပင်လယ်ကူးဓာတ်ပုံ၊ ဘီအေ–မောင်တင့်၊ ကချေသည်–မယ်မြင့်၊ လောကီလမ်းပြကျမ်းများကို မထင်ရှားသော နာမည်များ တပ်ကာ ရေးသားပုံနှိပ်ခဲ့ဖူးလေသည်။

မြန်မာ့အလင်း၊ နှစ်သစ်မင်္ဂလာသတင်းစာ၊
အတွဲ ၅၊ မေ၊ ၁၉၃၆။

❑

mgyoe.com

mgyoe.com

# မြန်မာ့ ဇွဲ

ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးအနက် ယခုအခါ ဝီရိယနှင့် ဉာဏ်အရေးကြီးကြောင်း၊ ကံမှာ လောကီကြီးပွားရေး၌ အနည်းငယ်သာပါဝင်ကြောင်း မြန်မာလူမျိုးများ အသိအမှတ်ပြုစ ပြုကြလေပြီ။

ထိုသုံးပါးထက် ပိုမို၍အရေးကြီးသော အရာတစ်ခုသည်ကား စွဲမြဲသော ဇွဲဖြစ်လေသည်။ စင်စစ်မှာ ဝီရိယ၏ မြဲမြံခြင်းပင် ဖြစ်ပေသည်။

ဝီရိယရှိသော်လည်း စွဲမြဲသောဝီရိယမှသာ အကျိုးကို ထိထိရောက်ရောက်ပေးနိုင်လေသည်။ ဝီရိယရှိကြပါလျက် မစွဲမြဲခြင်းကြောင့် ဆင်းရဲ၍နေသူတွေ များစွာရှိကြလေသည်။

ထိုလူမျိုးမှာ ဝီရိယလွန်စွာရှိ၏။ နိုးကြားထကြွ၏။ အကြံဉာဏ်လည်း ကြီး၏။ အမြဲကြံလျက် အမြဲစောစောထပြီး သွားလာလျက်နေကြ၏။ ၎င်းတို့၏ကြံလုံးဖန်လုံးများမှာလည်း ၎င်းတို့၏ တွေးတောပြောဆိုပုံကို နားထောင်ရလျှင် ရေပက်၍ဝင်နိုင်ရာမရှိအောင် စေ့စပ်ကောင်းမွန် ခိုင်လုံသည်ကို တွေ့ရှိရလေသည်။ သို့ပါလျက် အလုပ်များပြီး တဖားဖားဆင်းရဲ၍ နေကြရလေသည်။

သို့ဖြစ်လေရာ ကံမရှိ ဉာဏ်ရှိတိုင်းမွဲသည်ဟူသော စကားမှာ မှန်သလိုလိုဖြစ်၍နေလေသည်။

သေချာစွာစဉ်းစားလျှင်လည်း ထိုစကားမှန်သည်ဟု ဆိုရပေမည်။ အကြောင်းမှုကား ဉာဏ် ဤမျှလောက်မရှိလျှင် မွဲကြဖို့မရှိပေ။ ၎င်းတို့မှာ ဉာဏ်ရှိလွန်းသဖြင့် ဉာဏ်အသစ်အသစ်တွေ၊ အကြံကောင်း အပေါက်ကောင်း အသစ်အသစ်တွေကို တွေ့တတ်မြင်တတ်သော အမြင်ဉာဏ်ကြီးလွန်း များလွန်းသဖြင့် စိတ်ကိုချုပ်တည်း၍မရဘဲ ဉာဏ်ဆင်တိုင်း တစ်မျိုးပြီးတစ်မျိုး လိုက်ပါကြသောကြောင့် မွဲကြလေသည်။ အကယ်၍ ထိုမျှလောက် အမြင်ဉာဏ်မထက်သန်ဘဲ တစ်ခုခုမှာသာ

mgyoe.com

mgyoe.com

စွဲ၍ နေကြချေက ကေန်ကြီးပွားချမ်းသာနိုင်ကြဖို့ ရှိလေသည်။

ၚင်းတို့သည် အလုပ်တစ်ခုခု၌ စိတ်ကိုမထားနိုင်။ ကြွေတစ်လက် ကြက်တစ်ခုန် ဖဲတွေ၊ ကြွေအံ့သမားတွေ ဖြစ်ကြလေသည်။ အလုပ်တစ်ခုခုကို လုပ်၍နေရင်း အခြားရှုးယားတစ်ပမာ သေချာပေါက်အလုပ်တစ်ခုကို တွေးမိသည့်အခါ လက်ရှိကို ရေဆုံးရေဖျား မလိုက်နိုင်ဘဲ စွန့်ခွာပြီး လောဘဇောစိုက်ရာသို့ လိုက်ပါကြသူများ ဖြစ်ကြလေသည်။

အသက် ၆၀ ခန့် အဘိုးကြီးတစ်ယောက်သည် ရန်ကုန်မြို့၌ရှိ၏။ ၎င်းသည် အလုပ်အကိုင်ဟူသမျှကို အကုန်သိ၏။ အကြီးအကြား၊ လျှို့ဝှက်သောလူမျိုးကွဲ အလုပ်များကိုပင် သိ၏။ အကယ်၍ ငြိမ်သက်စွာထိုင်လျက် မသိသူတို့အား အကြံပေး ဉာဏ်ပေး အလုပ်ကိုသာလုပ်၍ နေမည်ဆိုလျှင် များစွာအကျိုးဖြစ်နိုင်လောက်သော ဗဟုသုတွေကို ရရှိ၍ထားပေသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်အတွင်းမှာ အလုပ်အမျိုးမျိုးကို လုပ်ခဲ့လေသည်။ ယခုတိုင် မကြီးပွားသေးချေ။ ပြောင်လက်သပ်ရပ်စွာဝတ်စားလျက် ရန်ကုန်မြို့ရှိ မတွေးမခေါ်၊ မမျှော်လင့်သောနေရာများမှာ ၎င်းကို တွေ့မြင်နိုင်လေသည်။ အကယ်၍ တစ်ခုခုမှာစွဲ၍နေလျှင် အဘယ်မျှလောက်ကြီးပွားမည်ကို သိနိုင်လေသည်။

မြန်မာလူမျိုး၏စိတ်၌ တစ်စုံတစ်ရာကို ဝီရိယစိုက်ထုတ် လုပ်ကိုင်ရာ၌ အထမမြောက်လျှင် ဒီအလုပ်ဟာ ငါ့ကို အကျိုးပေးမည့်အလုပ် မဟုတ်ပါဘူး။ ဖြစ်မြောက်ချင်တဲ့ အလုပ်ဟာ စပြီးလုပ်ကတည်းက ချောမောတတ်သည်။ စကတည်းက ဟန်မကျရင် နောင်အခါ၌လည်း နေရာကျမည့်လက္ခဏာ မရှိပါဘူးလေဟု အောက်မေ့ကာ တစ်မျိုးကို ရှာကြံတတ်ကြလေသည်။

သို့ပြောင်းလဲရှာကြံခြင်း၌ အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်းထက် ပိုမို၍ အကျိုးယုတ်စေသောအရာသည် စိတ်အားကုန်ခန်းခြင်း ဖြစ်လေသည်။ ထိုလူမျိုးမှာ အခက်အခဲကို ခုခံဖြိုဖျက်နိုင်သော စိတ်အားသတ္တိ တစ်စတစ်စ ကုန်ခန်းလျက် အခက်တွေ့တိုင်း စိတ်ကိုလျှော့တတ်လေရာ အလျှော့လေ့ကျင့်ခန်းကြီးကို ပိုင်နိုင်စွာ ရကြလျက် အသက်ကြီး၍လာသောအခါ လုံးလုံးလျှော့လျက် မလျော့မတင်း စောင်းကြိုးညှင်းဟူသော စကားလိုမဟုတ် အတင်းဟူ၍ လုံးလုံးကင်းကြလေသည်။

အစမှာ ချောချောမောမော မရှိက နောင်ပျက်လိမ့်မည်။ နိမိတ်ဖြစ်သည်ဟူသော အစွဲအားသည်လည်း မြန်မာလူမျိုး၏စိတ်၌ ငြိတွယ်စွဲ၍နေသော အယူလွဲခြင်းတစ်ခု ဖြစ်၍နေလေသည်။

"ဇမ္ဗူထိပ်နိမိတ်"ဟူသော စကားအရလည်း အရာရာ၌ နိမိတ်ယူတတ်ကြ

mgyoe.com

mgyee.com

လေရာ ပထမအစပျက်ခြင်းကိုလည်း နောင်ပျက်မည့်နိမိတ်သဖွယ် သဘောထား တတ်ကြလေသည်။

"လူပျင်းလုံ့လ တစ်ခဏ"ဟူသော စကားသည်လည်း မြန်မာစကားပင် ဖြစ်လေသည်။ သို့ပါလျက် မြန်မာလူမျိုးတို့မှာ ထိုစကားနှင့်မညီအောင် လုပ်တတ်သောအလေ့ကို မရကြသေးသည်မှာ ထူးခြားခြင်းတစ်မျိုး ဖြစ်သည်ဟုဆိုရပေမည်။

ပျက်သည့်အခါ နိမိတ်ကိုမတွေးဘဲ ဘယ်အတွက်ပျက်သည်ကို ရှာဖွေကာ အားသစ်ကို လောင်းကြလေ့ မရှိကြချေ။ ကြီးကျယ်သောအလုပ်မှန်က အပျက်ပေါ်တွင် အခြေကို တည်ကြရလေသည်။

ပျက်စီးသော အလုပ်သည် အခြားမပျက်သေးသော အလုပ်များထက် ပိုမို၍ အဖိုးတန်လေသည်။ ပျက်စီးခြင်းသည် ထိုအလုပ်၏တန်ဖိုးပင်ဖြစ်လေ၍ ပျက်စီးသော အလုပ်များမှာ ပျက်ခြင်းတည်းဟူသော တန်ဖိုးအခကိုပေး၍ ဝယ်ထားသော အလုပ်ဖြစ်လေရာ အဖိုးတန်အလုပ် ဖြစ်လေသည်။ မပျက်သေးသောအလုပ်မှာ တန်ဖိုးမပေးရ၊ အလကားရသောပစ္စည်းနှင့် တူလေသည်။

ပျက်စီးဖူးသော အလုပ်သည် ဆရာကောင်း၊ အဖော်ကောင်း၊ လက်ရုံးကောင်းကိုပေးသော အလုပ်ဖြစ်လေသည်။ လောက၌ မပျက်မစီးဘဲ တစ်သမတ်တည်း စကတည်းက သေသည့်တိုင်အောင် တစ်ရှိန်တည်းတက်ခဲ့သူ လွန်စွာနည်းပါးလေသည်။ အချို့သောသူများမှာ မိဘက အခြေကောင်းတည်၍ပေးခဲ့ရာ သေသည့်တိုင်အောင် ချမ်းချမ်းသာသာ နေကြရတတ်၏။ ၎င်းတို့မှာ အောင်မြင်ကြီးပွားသူများ မဟုတ်။ မိမိတို့၏ အသစ်ထွင်သောဉာဏ်ဖြင့် တစ်စုံတစ်ရာမျှ စွန့်စွန့်စားစား မလုပ်ခဲ့သောကြောင့် တည်မြဲ၍သွားခြင်းမျှ ဖြစ်လေသည်။

မိဘက ငွေသိန်းနှစ်ဆယ်ထားခဲ့၍ ၎င်း၏လက်ထက်၌ သိန်းတစ်ရာမဖြစ်ဘဲ သိန်းနှစ်ဆယ် သုံးဆယ်မျှနှင့် အသက်တိုင်နေ၍သွားသူများမှာ မသုံးမစားသောကြောင့်သာ ချိုမွမ်းထိုက်၏။ ၎င်းတို့ကိုယ်တိုင်မှာကား ဖြစ်မြောက် အောင်မြင်သူများ မဟုတ်ကြပေ။ ထိုသူတို့မှာ တစ်သမတ်တည်း မပျက်ဘဲနေသူများ ဖြစ်သည်ဟု ပြောကြပေလိမ့်မည်။ မလုပ်သူမှာ အဘယ်နည်းဖြင့် ပျက်နိုင်ပါမည်နည်း။ ၎င်းတို့မှာ တစ်ကိုယ်ကောင်းသမားတွေ ဖြစ်ကြ၏။ မိမိတို့မှာ ဆယ်သက်စား၍ မကုန်နိုင်ဟူသော စကားမျိုးနှင့် ကျေနပ်ခါ စိတ်ချလျက် သင်္ချိုင်းရပုတီးကိုသာစိပ်ကာ သင်္ချိုင်းရကို ထင်မြင်လျက် မိမိတို့မရှိသောအခါ သားသမီးများက သင်္ချိုင်းရ၏ သဘောအဓိပ္ပာယ်ကို ထင်ရှားအောင်ပြကြစေရန် ပစ္စည်းများကို စုပုံ၍ ထားရစ်ကြလေသည်။

ငါ့မှာ ငွေရေးကြေးရင်း လုံလောက်စွာ မိဘက ထားခဲ့၏။ ငါမသေမီ ငါ့ကို

mgyoe.com

မှီ၍ အသက်မွေးကြရသော လူပေါင်းအဘယ်မျှ အဘယ်ရွေ့များအောင် ကြိုးစားမည်၊ ကြံမည်ဟူသော စိတ်ကို မထားကြပေ။

လေးငါးသောင်းမျှနှင့် ရုပ်ရှင်လုပ်ငန်းတည်သူ၊ သတင်းစာတိုက်ဖွင့်သူ၊ အလုပ်ရုံတည်ထောင်သူတို့သည် သိန်းနှစ်ဆယ်၊ သိန်းသုံးဆယ်ချမ်းသာ၍ ငွေတိုးကလေးပေးကာ နှုတ်ခမ်းမွေးသပ်လျက် ဒူးနှံ့၍ နေသူများထက် ဘုန်းတန်ခိုးကြီးသူများ ဖြစ်ကြလေသည်။ အကြောင်းမူကား ၎င်းတို့မှာ မိမိတို့ကိုမှီ၍ အသက်မွေးသူတွေ အများအနည်း မိမိတို့၏ အင်အားနှင့် လျော်ညီစွာ ရှိကြရုံမက တိုင်းကျိုးပြည်ကျိုးကို များစွာဆောင်ကြလေသည်။ အပျော်အလုပ်ဖြစ်သော ရုပ်ရှင်အလုပ်များပင် စိတ်ကူးယဉ်ကျေးခြင်း၊ အသိပညာ အလိမ္မာ တိုးခြင်း၊ အနုပညာ၊ အလှပညာသည်တို့ကို အားပေးခြင်း၊ ချီးမြှောက်ခြင်း စသည့်အလုပ်များသည် လူမျိုး၏ တိုးတက်ခြင်း၊ စိတ်ကိုပြုပြင်ခြင်းဆိုင်ရာ ထူးကဲမွန်မြတ်သော အလုပ်များဖြစ်ကြလေသည်။ ၎င်းတို့မှာ နောင်ဘဝအဆင့်ဆင့် ပိုမို၍ အခြွေအရံများလျက် ပိုမို၍ ထမင်းကျွေးနိုင်သော ဘုန်းရှင် သမ္ဘာရှင်များ ဖြစ်ဖို့ရှိလေသည်။ ဥရောပ၊ အမေရိကတိုင်းများ၏ တိုးတက်ခြင်းသည် ဤကဲ့သို့သော ဘုန်းရှင် သမ္ဘာရှင်တွေ ရှိကြခြင်းကြောင့် ဖြစ်ပေသည်။ မိမွေ ဖမွေ သိန်းသန်းရကြသဖြင့် တစ်ခါတစ်ရံ စည်တော်ကြီးများတီးကြလျက် သတင်းစာ၌ ကြော်ငြာထုတ်ကာ လှူဒါန်းပြီး မိမိတို့၏ လယ်တောယာတောများတွင် ခိုကပ်၍နေရသော တောသူတောင်သား အနည်းငယ်တို့ကို သြဇာပေးကာ ကျေနပ်လျက် နေသူများမှာ ကျက်သရေအရောင်အဝါ ရှိကြသော်လည်း ၎င်းတို့၏ ကျက်သရေမှာ နဂဘာရီအုန်းသီးအတွင်း၌ သွင်း၍ထားသော သင်ပေါင်းပိုးပမာ အဆီအစ်ခါ တုတ်တွေးဖြူထွား ကောင်းစားအိပြဲ အရည်ရွှဲ၍နေသော ကျက်သရေမျိုးမျှ ဖြစ်လေရာ လေသလပ်မခံနိုင်ကြရာပေ။ မြန်မာပြည်၌ ထိုကဲ့သို့ ဆယ်သက်စားသုံး၍ မကုန်နိုင်သော နဂဘာရီအုန်းသီးကို အစိုးရ၍နေသူတွေ မျိုးမပြုတ်ကြသေးချေ။ မကြာမီ၌ကား အကျိုးမဲ့ အရေမကျန် အဖတ်မကျန် ပြုတ်ကြရလိမ့်မည်။ အကြောင်းမူကား ဆယ်သက်စားမကုန်သော ၎င်းတို့၏ပစ္စည်းများမှာ မြေအောက်သို့ ပိုလျှံ၍မရောက်ကြဘဲ ဆယ်သက်မဆိုထားဘိ ဆယ်ရက်သာသာမျှ အနိုင်နိုင်တည်မြဲရစ်ကြသည်ကို အခါခါ တွေ့ကြုံရပေသည်။

၎င်းတို့၏ဘဝသည် သနားစရာကောင်း၍ အနည်းငယ်မျှ အားမကောင်းသောဘဝဖြစ်၏။ အကြောင်းမူကား သုံးနိုင်စွဲနိုင် စားချင်ရာစားနိုင်သဖြင့် စားရာ၌ ဆင်းရဲသားများလောက် အဘယ်အစားမျှ မြိန်မြိန်ရှက်ရှက် မရှိပေ။ ဝတ်ရာ၌လည်း လူ့ပြည်၌ ရွှေ၊ ငွေ၊ စိန်၊ ပုလဲ၊ ပိုးဖဲ၊ သက္ကလပ်မှ တစ်ပါး ငါ ဘာကိုများ

mgyoe.com

ဝတ်ရပါလိမ့်မလဲဟု တွေးကြံ၍မရ အားမလိုအားမရ ဝတ်ဆင်ရခြင်း၌လည်း အနှစ်သာရကို မတွေ့ကြရ။ ထမင်းကိုလည်း ပို၍မစားနိုင်။ "ဟောလီးဒေး" အားလပ်ခွင့်တွေ များသဖြင့် ၎င်းတို့၏ တစ်သက် အားလပ်ခြင်းမှာ ရုံးစာရေးတစ်ယောက်၏ စနေနေ့ ရုံးဆင်းချိန်လောက် အနှစ်သာရ လေးနက်စွာမရှိပေ။ ရရှိသည့် ဂုဏ်ထူးများမှာပင်လည်း ငါ့အဖေထားတဲ့ငွေကြောင့် ရတာပါကလား၊ ငါ၌ အစွမ်းသတ္တိ တစ်စုံတစ်ရာရှိခြင်းကြောင့် မဟုတ်ပါတကား ဟူသော အတွင်းစိတ်၏ အသိသည် မကျေမနပ်ခြင်းကို အမြဲဖြစ်စေလေသည်။

၎င်းတို့၏စိတ်၌ အိုမှာ၊ နာမှာ၊ သေမှာကိုလည်း လွန်စွာကြောက်ရွံ့ကြလျက် အစစ အရာရာမှာ မင်္ဂလာယူကြလေသည်။ မင်္ဂလာမရှိဟု စွဲမှတ်သောအကြောင်းအရာတစ်ခုခုကို တွေ့ရှိရတိုင်း ပူပန်ခြင်း ဖြစ်ကြရလေသည်။

လူတို့၏ဓမ္မတာမှာ ခက်ခဲစွာလုပ်ကြံ၍ရသော ပစ္စည်းမှ အနှစ်သာရ ရှိသည်ဟု ထင်မှတ်ကြလေရာ ငွေနှင့် လွယ်ကူစွာ ဝယ်၍ရနိုင်သော အရာဟူသမျှသည် ငွေပေါသူတို့အား ပြည့်ဝကျေနပ်ခြင်းကို မပေးနိုင်ကြသဖြင့် ၎င်းတို့၏ဘဝမှာ လွန်စွာ သွေ့ခြောက်လျက် ငြီးငွေ့ဖွယ် ဖြစ်တတ်လေသည်။

သို့ဖြစ်လေရာ ၎င်းတို့ခံစားရသော အရသာမှာ တစ်ခုသာရှိ၏။ ထိုတစ်ခုသည်လည်း သေချာစွာစဉ်းစားလျှင် အနှစ်မရှိပေ။ ၎င်းအရာသည်ကား မြှောက်ပင့်ခြင်းကို အမြဲခံရခြင်းဖြစ်လေသည်။ သို့ဖြစ်လေရာ အသိပညာမရှိဘဲ ထိုကဲ့သို့ ကြွယ်ဝ၍နေသူများမှာ စိတ်၏အလုပ်၊ ကိုယ်၏အလုပ် ခေါင်းပါးသဖြင့် ၎င်းတို့၏ သင်္ချာန်မှာ စွန့်ပစ်၍ထားသော အလုပ်ရုံကြီးနှင့် တူလေသည်။

ထိုသူများသည် တစ်ကိုယ်ကောင်းစိတ်ကြောင့် အကောင်းကိုမတွေ့၊ မခံစားရဘဲ နေရသူတွေဖြစ်ကြလေသည်။ အကယ်၍ ထိုတစ်ကိုယ်ကောင်းစိတ် ပယ်ဖျောက်ကာ အများ၏အကျိုးကို ထိထိရောက်ရောက် ရာရာသို့ရောက်သော အလုပ်ကြီးများကို လုပ်ကိုင်ကြံစည်ကြချေက အဘယ်မျှလောက် အနှစ်သာရရှိမည်ကို တွေ့ရှိကြမည့်ပြင် ဉာဏ်အထုံပါရမီ၊ ဝီရိယအထုံပါရမီ၊ ရဲရင့်ခြင်းအထုံပါရမီ စသည်တို့ကိုလည်း ပြုစုပျိုးထောင်၊ နောင်ဘဝ အစဉ်အဆက်၊ အဆင့်အတန်း မြင့်သည်ထက် မြင့်ကြဖို့ရှိသည်။

သို့သော်လည်း ဤအကြောင်းအရာများမှာ ဤစာ၏ ရည်ရွယ်ချက်မဟုတ်။ အတွေးပေါ်၍ ကြားညှပ်လိုက်ခြင်းမျှ ဖြစ်လေရာ ရည်ရွယ်ချက်ကို ပြန်၍ ကောက်အပ်သည်ကား . . .

မည်သူမဆို ဆင်းရဲသူဖြစ်စေ၊ ကြွယ်ဝသူဖြစ်စေ၊ လောကအပျက်ကို တွေ့ဖူး

mgpe.com

mgyoe.com

ကြုံဖူးကြရအောင် ကြိုးစားကြဖို့။ အပျက်တွေ့သည့်အခါ ပို၍အားတက်ကာ ဤအလုပ်မှ ငါ့အလုပ်ဟု သဘောထားပြီးလျှင် ပျက်စီးခြင်းတည်းဟူသော တန်ဖိုးမှ အကျိုးအမြတ်ကိုရအောင် ကြိုးစားကြမှ အဟုတ်တကယ် ကြီးမြင့်နိုင်ကြပေမည်။

ငွေရှင်တို့မှာ ထိုတာဝန်သည် သာလွန်ကြီးလေးလေသည်။ ငါ၌ အခက်အခဲဟူ၍ မတွေ့ရသေးပါတကား။ ငါ၏ဘဝသည် အခက်အခဲအပျက်အစီးဖြင့် မဝယ်ရသော၊ အလကားရသော ဘဝပေတကားဟု ဆင်ခြင်ကာ ကိုယ်တိုင်၏အစွမ်းသတ္တိဖြင့် ဂုဏ်ကိုယူကာ ပျက်မှာကို မပျက်ဘဲ လက်ရှိကိုကြဲဖြန့်ကာ ကြံသင့်ကြလေသည်။

အရင်းအနှီး မရှိသူတို့မှာ ကိုယ်စွမ်းကိုယ်စဖြင့် သူဌေးကြီးများ ဖြစ်နိုင်ကြလျှင် အရင်းအနှီးလုံလောက်စွာရှိပြီးသူတို့မှာ သာ၍ပင် ကြီးမြင့်နိုင်ကြဖို့ ရှိလေသည်။ သို့သော်လည်း အပျက်တွေ့သည့်အခါ နောက်ကိုမဆုတ်ဖို့၊ ပျက်ဖူးသောအလုပ်မှာ မပျက်သေးသော အလုပ်ထက်ပိုမို၍ အဖိုးတန်ကြောင်း၊ မူလက စ၍ ကြံစည်လုပ်ကိုင်စဉ်ကပင် ဖြစ်နိုင်သောအလုပ် မဖြစ်နိုင်သောအလုပ်ဟု သေချာစွာ စဉ်းစားဖို့သာလိုလေသည်။ သေချာစွာ စဉ်းစားနိုင်၍ ပြီးသည်ဖြစ်လျှင်လည်းဖြစ်၊ မဖြစ်လျှင်လည်း ကံပေါ့ဟူသော စိတ်မျိုးနှင့် ရေဖိတ်စပါးအနေမျိုး သဘောထားကာ လုပ်ကိုင်ကြံစည်ခြင်းမပြုရ။ ဖြစ်အောင်လုပ်တော့မည်။ တစ်ကြိမ်မဖြစ်လျှင် နှစ်ကြိမ်၊ နှစ်ကြိမ် မဖြစ်လျှင် သုံးကြိမ်၊ ထပ်မံ၍ ကြိုးစားမည်။ ငါ၏အလုပ်ဖြစ်ပြီ ပိုင်ပြီ။ အလုပ်ဖြစ်သည်။ မဖြစ်နိုင်ဟူသောစကား၊ အငွေ့အသက်မျှ မပါမရှိစေရ။ မဖြစ်သေးလျှင် ငါ၌ တစ်ခုခု လိုသောကြောင့်၊ လစ်ဟင်းသောကြောင့်သာ ဖြစ်ရာ၏ဟူသောစိတ်ကို ထားရမည်။

အလုပ်တစ်ခုခုကို သေချာစွာစဉ်းစားပြီး လုပ်တော့မည်ရှိရာ မဖြစ်လျှင် ဘယ့်နှယ့်လုပ်မလဲဟု မတွေးရ။ အဖြစ်ကိုသာ တွေးရမည်။ ပျက်လမ်းများကို သိနှင့်ရမည်။ အပျက်ကိုကား မတွေးရ၊ မထင်ရ၊ မမျှော်လင့်ရပေ။

လယ်ယာလုပ်သောသူသည် စပါးတွေ အောင်မြင်၍ ရိတ်ဖြတ်ရောင်းချရသော နောက်ဆုံးသောအကျိုးကိုသာ ထင်မြင်ရ၏။ မိုးခေါင် ပိုးဖျက်၍ ငတ်မွတ်ပြေးလွှားရသည့် အကြောင်းကို တွေးခေါ်ခြင်းမပြုရပေ။ ထိုအကြောင်းများကို တွေးခေါ်နေလျှင် အလုပ်မှာ အားမရှိတော့သည့်အပြင် တွေးခေါ် ထင်မြင်သည့်အတိုင်း ဖြစ်တတ်လေသည်။

နိမိတ်သည် လူ၏အပြင်ဘက်မှာမရှိ၊ ဖြစ်မည့်နိမိတ် ပျက်မည့်နိမိတ်သည် လူ၏ စိတ်အတွင်း၌သာ ရှိလေရာ၊ အပျက်ကို ထင်မြင်ခြင်းသည် ပျက်မည့်နိမိတ်

mgyoe.com

ဖြစ်တတ်လေရာ အောင်မြင်ခြင်းကိုသာ ထင်မြင်၍ မအောင်မချင်းလုပ်ပါတော့မည် ဟူသော ပြဋ္ဌာန်းချက်၏ မြဲမြံခြင်းသည် အောင်မြင်ခြင်း၏ အစ ဖြစ်ပေသတည်း။

ကဝိတံခွန်မဂ္ဂဇင်း၊ ဒုတိယတွဲ၊
အမှတ် ၁၅၊ ဒီဇင်ဘာလ။

❑

mgyoe.com

mgyoe.com

# လုပ်မယ်

လူသည် အံ့ဖွယ်သောသတ္တဝါဖြစ်၏။ ဤလောကကြီး၌ လုပ်ကိုင်၍ထားသော ကြီးကျယ်သော လူ၏လက်ရာ၊ လူ၏အလုပ်ကို ကြည့်ရှုခြင်းဖြင့် လူ၏တန်ခိုးသတ္တိသည် အဘယ်မျှလောက် ကြီးကျယ်သည်ကို သိသာလေသည်။

လူသတ္တဝါသည် မြေကိုလှိုး၍ မိုးကိုပျံ၏။ မိုးပါးနီးနီးတိုက်ကြီးများကို ဆောက်၏။ တောကြီးတောင်ကြီး၊ ချောင်းကြီးမြောင်းကြီးတို့နှင့် ပင်လယ်သမုဒ္ဒရာတို့ကို ဖြတ်သန်းကာ ငှက်ထက်မက လျင်မြန်သောတောင်ပံဖြင့် ကမ္ဘာကိုပတ်ရစ်၏။

သမုဒ္ဒရာ ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ မျက်စိဖြင့် မမြင်နိုင်သော သတင်းစကား ရုပ်ပုံများနှင့် တေးသီချင်းအဆန်းအပြားကို စေလွှတ်၏။ သမုဒ္ဒရာ လှိုင်းတံပိုးတို့သည် ဆိပ်ကမ်းကျောက်ဆောင်တို့ကို ရိုက်ခတ်ပြီး နောက်ကို ပြန်တတ်၏။ လူသည်ကား ဆီးတားကန့်ကွက်ပိတ်ဆို့၍ထားသော စကြာဝဠာတံတိုင်းကိုဖြို၍ အခြားစကြာဝဠာသို့ ကူးဖို့ရန် ဟန်ပြင်၍နေလေသည်။ မနုဿလူသတ္တဝါ၏ တန်ခိုးသတ္တိသည် ဤမျှနှင့်မရပ်မနား တိုးတက်ရန်သာ ကြိုးစား၍နေသည်ကို ထောက်လိုက်သော် လူ၏တန်ခိုးသတ္တိသည် အဆုံးမရှိကြောင်းကို သိသာလေသည်။

ထိုသတ္တိသည် စိတ်၌တည်လေသည်။ ၎င်းသတ္တိသည် အသုံးမပြုဘဲထားလျှင် မရှိဟုမှတ်ထင်ရ၏။ တကယ်အရေးကြုံ၍ တကယ်မသုံးဘဲမနေနိုင်သောကြောင့် စွန့်စား၍ သုံးရသည့်အခါ ကြီးမားသောသတ္တိသည် ပေါ်လာတတ်လေသည်။

လူတို့သည် မိမိတို့ကြံစည်မှန်းထားသလို ဖြစ်တတ်၏။ အိန္ဒိယတိုင်းမှ မြန်မာပြည်ကို လာကြသောကုလားလူမျိုးတို့အနက် လန်ချားဆွဲရန် စိတ်ကိုတင်း

mgyoe.com

၍ လာသူတို့သည် အများအားဖြင့် လန်ချားသမားများဖြစ်လျှင် ကူလီလုပ်၍စားရန် ကြံစည်၍လာသူတို့သည် ကူလီဖြစ်ကြ၏။ မြန်မာပြည်သည် ငွေပေါသောအရပ်ဖြစ်သောကြောင့် ဈေးရောင်း၍ငွေကိုစုမည်ဟု ကြံစည်လာသောသူတို့သည် အငယ်ဆုံးသော ခေါင်းရွက်ဈေးသည်အဖြစ်မှ ဆိုင်သည်အဖြစ်ကို ရောက်ကြ၏။ ဆိုင်သည်ဖြစ်ရာမှ ကုန်တိုက်ကြီးများ ဖွင့်လှစ်တည်ထောင်နိုင်ကြလေသည်။ သို့ဖြစ်၍ လူသည် ထာဝရဘုရား စီမံရာကိုသာ ခံ၍နေရသော သတ္တဝါမျိုးမဟုတ်၊ ကံ၏ဆွဲဆောင်ရာကိုသာ အမြဲအစဉ် သစ်တုံးလို လိုက်၍ပါနေရသည်လည်းမဟုတ်၊ မိမိ၏ဉာဏ်စွမ်းသတ္တိကို အသုံးပြုကာ မိမိဖြစ်ချင်သော အခြေအနေသို့ မိမိကိုယ်တိုင်အစွမ်းဖြင့် ပေါက်ရောက်အောင် လုပ်ကိုင်အသက်မွေးရသော သတ္တဝါဖြစ်လေသည်။

လောကဥ္စ လူတို့လုပ်ကိုင် ရာကြံကြီးပွားကြခြင်း၌ မိမိတို့ကိုယ်၏ အစွမ်းကိုသာ ယုံကြည်ကိုးစားရာ၏။ ကောင်းမှုကုသိုလ်တို့ကို အဘယ်မျှပင် ရှေးဘဝက ဆည်းပူးခဲ့သော်ငြားလည်း ယခုမျက်မှောက် ကြီးပွားခြင်းအရေး၌ ပယောဂ သမ္ပတ္တိဖြစ်သော ကောင်းသောအလုပ်၊ ကောင်းသောအကြံ၊ ကောင်းသောဝီရိယ၊ ကောင်းသောအကျင့်တို့ အခံမရှိက ကုသိုလ်ကောင်းမှုမျိုးစေ့သည် မြေရေမကောင်းသဖြင့် အကျိုးမဲ့ဖြစ်ရသလို ပျက်စီးဆုံးပါးတတ်လေသည်။

ဤမျက်မှောက်လောကဥ္စ ကြီးပွားလိုသောသူတို့သည် မိမိတို့၏စိတ်၌ အဘယ်မျှလောက် ကြီးမားသော သတ္တိတန်ခိုးရှိသည်ကို သိရှိယုံကြည်ရာ၏။ မသိမရှိ မယုံမကြည်ဘဲနေချေက ကြီးကျယ်သောစိတ်၏ တန်ခိုးသတ္တိသည် ထင်ရှားခြင်းသို့ မရောက်နိုင်ချေ။ ထိုစိတ်တန်ခိုးသည် ကိုယ်ခန္ဓာကို ထိခိုက်နိုင်အောင် ကြီးကျယ်လေသည်။

"ဟင်နရီအားဝင်း"ခေါ် ကျော်စောသော ကချေသည်သည် ကပြရာ၌ လွန်စွာစိတ်အားထက်သန်သဖြင့် အသေခန်းကို ကပြရာတွင် မျက်ဖြူများလန်ပြီး တကယ်အသေလိုဖြစ်လျက် ခြေလက်များပင် အေး၍ လာတတ်သောကြောင့် ဆေးဆရာဝန်ကြီးတစ်ယောက်က ဤအခန်းကို မကပြရအောင် ၎င်းအား ပိတ်ပင်တားမြစ်ရလေသည်။ သို့ပိတ်ပင်တားမြစ်သော်လည်း ဆရာဝန်၏စကားကို နားမထောင်ဘဲနောက်ဆုံးတစ်ကြိမ် ထိုအခန်းကို ကပြပြီးနောက် ၂၄ နာရီအတွင်းမှာ တကယ်သေဆုံး၍ သွားလေသည်။ ထိုအခန်းကို ကပြ၍နေသောအခါ ၎င်း၏အခြေအနေသည် အခန်းအစမှ အဆုံးသို့တိုင်အောင် ရောဂါကြီးသဖြင့် သေတော့မည့်ဆဲဆဲ မနည်းဖြစ်၍နေသော လူမမာ၏အခြေအနေနှင့် မခြားမနားဖြစ်၍ နေခဲ့ကြောင်းကို သိရသည်ဟု ၎င်း၏ဆရာဝန်က ပြော၍ပြလေသည်။ ၎င်းသည် သဏ္ဌာန်လုပ် သရုပ်တူစေရန်

mgyee.com

mgyoe.com

ကြိုးစားခြင်း၌ စိတ်အားလွန်စွာထက်သန်လှသဖြင့် မိမိကိုယ်ကို တကယ်ပင် သေသကဲ့သို့ ယုံကြည်ပြီး ကပြသောကြောင့် တကယ်ပင် သေဆုံး၍ သွားရရှာလေသည်။

ဥရောပတိုင်း၌ ကချေသည်များသည် ကပြခြင်း စည်းကမ်းစနစ် လွန်စွာကြီး၍ တကယ်တူအောင် စိတ်အားထက်သန်စွာ ကြိုးစားရသောကြောင့် တစ်ကြောင်း၊ ကပြခြင်း၌ ကျော်စောချင်သော စိတ်အား ကြီးမားသဖြင့်လည်းကောင်း၊ ငါ၏အလုပ်ဖြင့် ငါ တကယ်ကြိုးစားရမည်၊ ငါ၏ တာဝန်ကြီးရှိသည်ဟု စိတ်၌ ထက်သန်မြဲမြံစွာ စွဲကြသဖြင့် ပြင်းထန်သော ရောဂါဝေဒနာကြီးများပင် စွဲကပ်၍နေစေကာမူ ကပြသည့်အခါ၌ ရောဂါပျောက်ကင်းသကဲ့သို့ အကောင်းပြကတော့ဖြစ်၍ နေတတ်လေသည်။ ကပြခြင်း၌ လွန်စွာစွဲစိုက်ဝင်စား၍နေသောစိတ်သည် ကိုယ်ခန္ဓာ၌ ခံစားရသော ဝေဒနာတို့ကို သတိမရဘဲ ကပြရာ၌ ရောဂါသည် တကယ်ပျောက်၍နေလေ့ရှိပေသည်။

ကျော်စောသောသီချင်းသည် ဆိုသူများသည်လည်းကောင်း၊ ကျော်စောသော ကချေသည်များသည်လည်းကောင်း၊ တရားဟောကောင်းသော ပုဂ္ဂိုလ်များသည်လည်းကောင်း အဘယ်မျှပင် မကျန်းမမာ၍ မောပန်းအားကုန်၍နေစေကာမူ ဟောရာပြောရာ၊ ကရာ ခုန်ရာ သီဆိုရာ၌ လူကောင်းလူမာပြကတော့ဖြစ်၍ နေလေ့ရှိကြလေသည်။

ကျော်စောသော လောကစာတတ်ဆရာကြီး "အယ်ဒီဆင်"သည် နာရီပေါင်းကိုးဆယ်ကျော်ကျော် မအိပ်ဘဲ ကြံစည်နိုင်သည်မှာ တစ်စုံတစ်ခုကို ဖြစ်မြောက်အောင် လုပ်ဖို့ရန် စိတ်အားထက်သန်ခြင်းကြောင့် ဖြစ်လေသည်။ အိပ်ခြင်း၊ စားခြင်းသည် ကိုယ်ခန္ဓာ၌ ခေတ္တလာ၍စွဲကပ်သော ရောဂါဝေဒနာများထက် ကြီးကျယ်သော ဝတ္တရားကြီးများ ဖြစ်ကြလေသည်။ ထိုမျှလောက် ကြီးလေးသောကိစ္စတာဝန်ကြီးများကိုပင် စိတ်၏တန်ခိုးသတ္တိသည် နိုင်နင်းနိုင်လေသည်။ အကြောင်းမူကား အလွန်ဝမ်းသာသည့်အခါ မွတ်သိပ်ခြင်းကို နိုင်၏။ အိပ်၍မပျော်ဘဲ မျက်လုံးကြောင်၍ နေတတ်လေသည်။

မိမိ၏အလုပ်ကို မိမိလုပ်ကြလျက် အရှင်သခင်မရှိဘဲ လွတ်လပ်စွာနေသူတို့မှာ အနည်းငယ်မျှ နေထိုင်၍မကောင်းလျှင် တုံးလုံးပက်လက်လှဲ၍ နေချင်ကြ၏။ လခစား စာရေးစာချီလုပ်ကြရသော သူတို့မှာ တော်ရုံတန်ရုံမျှ နေထိုင်မကောင်းခြင်းကို အလုပ်လုပ်ခြင်းဖြင့် မေ့လျော့နိုင်နင်း ပျောက်ကင်း၍ သွားသကဲ့သို့ ဖြစ်ကြလေသည်။ အဆိုပါကချေသည်များမှာ ရောဂါကို မေ့၍နေတတ်သည်မှာ အခြားကြောင့်မဟုတ်။ Must ဟူသော မလွှဲမရှောင်သာ မလုပ်ဘဲမနေရ၊ လုပ်ရမည်ဟူသော

mgyoe.com

mgyee.com

တာဝန်ကြောင့် ဖြစ်လေသည်။ မလုပ်ချင်ရင် နေနိုင်သည်ဟူသော ပေါ့လျော့သော အခြေအနေရှိချေက ကိုယ်၏ဝေဒနာက စိတ်ကိုလွှမ်းလျက် မလန်းဘဲ နွမ်း၍သွားဖို့သာ ရှိတော့သည်။

မလုပ်ဘဲ မနေရ၊ ဖြစ်အောင်လုပ်ရတော့မည်ဟူသောစိတ်က အတွင်း၌ နှိုးဆွ၍ နေသည့်အခါ၌လည်းကောင်း၊ အရေးတကြီး တစ်စုံတစ်ရာ ကြုံကြိုက်၍လာသည့်အခါ၌လည်းကောင်း လုပ်ကိုင်၍ မဖြစ်နိုင်လောက်အောင် ခက်ခဲသော အရာများကိုပင် အောင်မြင်၍သွားတတ်လေသည်။

အခါများစွာ ကြီးလေးခက်ခဲသော အလုပ်တစ်ခုခုကို လုပ်ဖို့ရှိရာ၌ ထိုအလုပ်သည် အလွန်တရာခက်ခဲသဖြင့် လုပ်ရမည့်လူတို့မှာ တောင်ကြံ၍မရ၊ မြောက်ကြံ၍မရ၊ လက်မှိုင်ချ၍နေတတ်ကြ၏။ ထိုကဲ့သို့နေခိုက်မှာ ဒီအလုပ်ကို ပြီးအောင်လုပ်မှ နေရာကျမယ်၊ အခုမပြီးရင် ခက်လိမ့်မယ်၊ တွေးကြံငေးမောနေလို့ မဖြစ်ဘူး၊ ဒီအလုပ်မပြီးရင် ဒုက္ခကြီးစွာတွေ့ရလိမ့်မယ်ဟု အားတင်းကာ ခါးတောင်းကို မြှောင်အောင်ကျိုက်ပြီး တစ်ယောက်ယောက်ကစ၍ တစ်ခုခုကို စတင်၍လုပ်သဖြင့် ညီညာစွာ အားကိုလောင်းကြသည့်အခါ ခက်ခဲကြီးလေးသော အလုပ်သည် ရုတ်တရက်လွယ်ကူစွာ ပြီးစီး၍သွားတတ်လေသည်။

"မလုပ်ဘဲမနေရ–လုပ်မှဖြစ်မည်"ဟူသော စိတ်၏ အားတန်ခိုးသည် လွန်စွာကြီးမားလေသည်။ ထိုစိတ်သည် ကိုယ်ခန္ဓာ၏ အားငယ်ခြင်းကို နိုင်၏။ ရောဂါဝေဒနာကို ပျောက်စေ၏။ ကြောက်ရွံ့ခြင်းကိုပင် ပယ်ဖျောက်နိုင်သောစိတ် ဖြစ်လေသည်။ သို့ဖြစ်၍ နှိုးဆွသော တာဝန်တည်းဟူသော သံချွန်ဖြင့် နံဘေးကိုဆောင့်၍ ထိုးပေးသည့်အခါ ကဆုန်စိုင်း၍ သွားသော မြင်းနှင့်တူသော စိတ်၏သတ္တိသည် ပေါ်ထွက်၍လာရလေသည်။ ထိုကဲ့သို့ နှိုးဆွသောဝတ္တရားတာဝန် မရှိချေက နုံးညံ့သိမ်မွေ့ ပျင်းရိစွာ ခွေအိပ်၍နေသော ကျားနှင့်တူလေသည်။

ကချေသည်တို့သည် မကျန်းမမာခြင်းကြောင့် အကမပျက်၊ ဇာတ်ခေါင်းကွဲ၍မကဘဲ နေရသည့်အခါကျမှသာလျှင် မအီမသာ မကျန်းမမာခြင်း ဖြစ်တတ်ကြလေသည်။ သို့ဖြစ်၍ ဥရောပတိုင်း ကချေသည်၊ သဘင်သည်တို့သည် မိမိတို့မှာ ဖျားနာခြင်း၏ သုခစည်းစိမ်ကို ခံစားခွင့်မရ။ အခြားလူများလို တစ်ခါတစ်ရံ ဖျားနာခွင့်ကလေးများကို ရကြမည်ဆိုလျှင် အင်မတန်မှ ကောင်းမှာပဲဟု ပြောတတ်ကြလေသည်။

ငင်းတို့မှာ မဖျားမနာဘဲ ကပြနိုင်ကြသည်မှာ စိတ်အားထက်သန်ခြင်းကြောင့် အဖျားအနာကို မေ့လျော့ခြင်းဖြစ်သည့်ပြင် ငါဖျားလျှင် ကနိုင်တော့မှာမဟုတ်ဟု

mgyee.com

mgyoe.com

စိတ်ကစွဲပြီး နာဖျားခြင်းမလိုလားသော စိတ်အား လွန်စွာကြီးမားသောကြောင့် ဖြစ်လေသည်။

သို့ဖြစ်သောကြောင့် စိတ်အား ဝီရိယသည် ကမ္ဘာပေါ်၌ အကြီးမားဆုံးသော အားဆေးဖြစ်သည်ဟု ပညာရှိများ အယူရှိကြလေသည်။

ကြီးစွာသော ဝမ်းမြောက်ခြင်းသည်လည်း ကိုယ်၌စွဲကပ်သော ဝေဒနာကို နိုင်နင်းသောသတ္တိ ရှိလေသည်။ ဂျင်နရယ်ဂရန့်ခေါ်သော အမေရိကန်ပြည် စစ်တပ်ကြီးသည် ရန်သူက အရှုံးပေးတော့မည်ဟူသောသတင်းကို ကြားရသောအခါ ကြီးစွာသော မကျန်းမမာ ဝေဒနာစွဲကပ်၍နေရာမှ ရုတ်တရက် ကျန်းမာ၍လာခဲ့လေသည်။

နှစ်ပေါင်းများစွာ မကျန်းမာ၍ မစွမ်းမသန်ဖြစ်ခဲ့ကြသော များစွာသော လူတို့သည် ကြီးစွာသော ဘေးအန္တရာယ်တစ်ခုခုနှင့်တွေ့၍ အသက်ကိုလုကြရသောအခါ မိမိတို့၏ သားသမီးကို ယူငင်ပွေ့ပိုက်ပြီး အသက်ဘေးအတွက် ပြေးလွှားနိုင်ကြသည်ကို ကြားရဖူးလေသည်။

သို့အတွက် လူတို့၌ရှိသော စိတ်အားသတ္တိတန်ခိုးသည် အရေးကြုံသည့်အခါ အံ့ဖွယ်သောနည်းဖြင့် ထွက်ပေါ်၍လာတတ်ကြောင်း သိသာလေသည်။ ဘေးအန္တရာယ်တစ်ခုခုကို ရင်ဆိုင်မတွေ့ရသေးမီ ထိုဘေးအန္တရာယ်ကို ခုခံနိုင်သော အစွမ်းသတ္တိ မိမိမှာရှိသည်ကို မသိတတ်ကြချေ။ သို့ မသိတတ်သောသူတို့မှာ ဘေးတွေ့သည့်အခါ အစွမ်းသတ္တိသည် အံ့ဖွယ်သောနည်းဖြင့် ပေါ်လာတတ်လေသည်။

ကြီးစွာသောဆင်းရဲဒုက္ခနှင့် တွေ့ရလိမ့်မည့်အကြောင်းကို တင်ကြိုတွေးတောရခြင်းသည် ဒုက္ခဆင်းရဲနှင့် တကယ်တွေ့ရသည်ထက် ပိုမိုဝန်လေးခြင်းဖြစ်၏။ ရာဇဝတ်ပြစ်မှုဖြစ်၍ အဖမ်းအဆီးခံနေရသောသူသည် အပြစ်ဒဏ်ခံရမည့်အကြောင်းကို တွေးတောကာ ကြီးစွာသောပူပန်သောက၏ ဖိစီးခြင်းကိုခံရင်း အပြစ်ဒဏ်ကို ခံရတော့မည်ဟု သေချာစွာသိရသောအခါ၌လည်းကောင်း၊ အပြစ်ဒဏ်ကို ခံရသောအခါ၌လည်းကောင်း ထိုမျှလောက် ဝန်လေးတော့သည် မဟုတ်ချေ။

ထိုကဲ့သို့သော သဘာဝသဘောတရားတို့ကို ထောက်လိုက်လျှင် လူသတ္တဝါတို့မှာ ကြီးမားသော သတ္တိတန်ခိုးတစ်မျိုးရှိကြောင်း ထင်ရှားသိသာလေသည်။ အကြောက်ဆုံးသော လူတို့သည် တိုင်းပြည်အတွက် အသက်ကိုစွန့်၍ တိုက်ခိုက်ရန် ရှိသည့်အခါ စစ်မြေပြင်၌ ကြောက်ရွံ့ခြင်းကို ပယ်ဖျောက်နိုင်ကြလေသည်။ စစ်တိုက်ရန်သွားသူဟူသမျှသည် အကြောက်အရွံ့ နည်းသူများချည်းမဟုတ်၊ များစွာသော စစ်သားတို့မှာ စစ်ရေးစစ်ရာ မပေါ်ပေါက်သဖြင့် ငြိမ်သက်အေးချမ်းစွာ နေကြရာ၌ လွန်စွာကြောက်တတ်သူများ ဖြစ်ကြလေသည်။

mgyoe.com

ထိုကဲ့သို့ ကြောက်ရွံ့ခြင်းကို နိုင်သောစိတ်သည် လူ၌ရှိသော စိတ်၏ကြီးကျယ်သော တန်ခိုးသတ္တိ၏အစွမ်းဖြစ်လေသည်။ ထိုတန်ခိုးသတ္တိသည် အခါခပ်သိမ်း မပေါ်ပေါက်သော်လည်း အရေးကြုံ၍ မလွှဲသာသည့်အခါ ပေါ်လာမြဲဖြစ်လေသည်။

အချို့သော လူချမ်းသာတို့မှာ ပူစရာ ပင်စရာ မရှိကြသဖြင့် မိမိတို့၏ ကိုယ်လက်ကျန်းမာခြင်းကို ဆင်းရဲသောသူများထက် ပိုမို၍ ဂရုစိုက်နိုင်ကြလေသည်။ များစွာ သော လူချမ်းသာတို့မှာ မိမိတို့၏ဘဝကို လွန်စွာစွဲလမ်းတပ်မက်ကြသဖြင့် သေမှာကို လွန်စွာစိုးသောကြောင့် ကျန်းမာခြင်းကို အမြဲဂရုပြုကြလေသည်။

၎င်းတို့၏စိတ်၌ ဦးခေါင်းကို ရေဆွတ်လျှင် နှာစေး ချောင်းဆိုးဖြစ် ဖျားတော့မည်။ မိုးမိ၍ ရုတ်တရက် အဝတ်ကို မလဲရလျှင် နမိုးနီးယားရောဂါ ဖြစ်တော့မည်။ နည်းနည်းလေး ချောင်းဆိုးလျှင် အဆုတ်နာဖြစ်ရချည်ရဲ့၊ နေပူအနည်းငယ်မိလျှင် အပူဝင်တော့မည်။ ရေချိုးမှားလျှင် သေတတ်သည်။ ညှော်မိလျှင် မေးခိုင် ငန်းဖမ်းလိမ့်မည် စသည်ဖြင့် တွေးတောကာ အလွန်တရာ ကြောက်ရွံ့ကြ၏။

၎င်းလူတို့သည် ရောဂါအမျိုးမျိုးကို မိမိတို့၏စိတ်တန်ခိုးဖြင့် အမြဲညှို့ဓာတ်စီရင်ကာ ခေါ်၍နေကြသည်နှင့်တူလေရာ "ဥပါဒါန်ကြောင့် ဥပါဒ်ရောက်"ဟူသော စကားလို အနည်းငယ်မျှ အမှားမခံနိုင်ဘဲ လွယ်ကူစွာ လဲတတ်ကြလေသည်။

၎င်းတို့သည် ရောဂါမလာအောင် အမြဲကွယ်ကာလျက် ရောဂါပေါ်လာလျှင် ဆီး၍တိုက်ခိုက်ရန် အကြီးအကျယ် ပြင်ဆင်၍နေကြသူများ ဖြစ်ကြလေသည်။ ထိုကဲ့သို့ ကြိုတင်ပြင်ဆင်ခြင်းသည် ရောဂါရတော့မည်ဟု တကယ်ယုံကြည်သော စိတ်အရင်းခံ ရှိခြင်းကိုပြသော လက္ခဏာများ ဖြစ်လေသည်။ ထိုအခါ ၎င်းယုံကြည်ခြင်းတည်းဟူသော ညှို့ဓာတ်အစွမ်းဖြင့် ရောဂါတွေ တစ်မျိုးပြီးတစ်မျိုးလွယ်ကူစွာ ပေါ်လာတတ်ကြလေသည်။

ဆင်းရဲသောလူတို့မှာ ထိုကဲ့သို့ ရောဂါဖြစ်မှာကို တင်ကြိုကြံစည် တွေးတောမျှ နေခွင့်မရကြ။ မိမိတို့၏ဝမ်းစာကိုသာ ကြံစည်လုံးပမ်း၍ နေကြရသောကြောင့် လူချမ်းသာများကဲ့သို့ လွယ်ကူစွာ မဖျားမနာတတ်ကြချေ။ တိုင်းပြည်၌ လူဆင်းရဲတွေက လူချမ်းသာတွေထက် အသေအပျောက် များကြခြင်းမှာမူကား အခြားကြောင့်မဟုတ်၊ လူဆင်းရဲတို့ အရေအတွက်က လူချမ်းသာတို့၏ အရေအတွက်ထက် ပိုမိုများပြားခြင်းကြောင့် ဖြစ်လေသည်။

ဆင်းရဲသားများမှာ အလုပ်ကြမ်း လုပ်ရသောကြောင့် ကျန်းမာသည်ဟု ဆိုစရာမရှိ။ အဘယ့်ကြောင့်ဆိုသော် ဆင်းရဲတိုင်း အလုပ်ကြမ်းလုပ်ကြသည်မဟုတ်။

အထူးသဖြင့် မြန်မာပြည်၌ အလုပ်နကိုလုပ်လျက် သူဌေးများလိုနေရင်း ဆင်းရဲ၍နေသူတွေ မြောက်မြားစွာရှိကြလေသည်။ ဆင်းရဲသော စာရေးစာချီတို့၏အလုပ်သည် (ရောဂနပတ်)နှင့် လွန်စွာ နီးကပ်သောအလုပ်ဖြစ်လေသည်။ သို့သော်လည်း ဆင်းရဲသော စာရေး ၁၀ ယောက်နှင့် လူချမ်းသာသူဌေး ၁၀ ယောက်ကို နှိုင်းယှဉ်လျှင် လူချမ်းသာ ၁၀ ယောက်က ပိုမို၍ရောဂါရလွယ်ကြောင်း သိနိုင်လေသည်။ ဤကဲ့သို့ ဖြစ်ခြင်း၌ ချမ်းသာသူက ရောဂါကို စိတ်၏တန်ခိုးဖြင့် မိမိထံသို့ အမြဲပင့်ခေါ်နေကြခြင်းကြောင့် ဖြစ်လေရော၊ ဆင်းရဲသူများမှာမူ ရောဂါဖြစ်လျှင် အလုပ်ပျက်မည်၊ အလုပ်ပျက်လျှင် ဆင်းရဲဒုက္ခများမည့်ဘေးကို သိရခြင်းတည်းဟူသော အတွင်းစိတ်က ရောဂါကိုမလိုလား၊ မုန်းထားသောကြောင့် ၎င်းရောဂါ ဝေဒနာတို့ကို မတွေးတောဘဲ နေခြင်းဖြင့် ရောဂါကို မောင်းနှင်၍ နေလေရာ သို့မောင်းနှင်သောစိတ်၏ တန်ခိုးကြောင့် ရောဂါကင်းကြလေသည်။

၎င်းပြင် ရောဂါဖြစ်ပေါ်လာသည့်အခါ ဆီး၍ခုခံတွန်းလှန်ရန် ဆေးဝါး ပယောဂဆရာဝန် စသည့် တပ်ထောင်တာ ဗိုလ်ထုကို တင်ကြို၍ မပြင်မဆင်ခြင်းကို ထောက်လိုက်လျှင် ရောဂါဝေဒနာ ဖြစ်ပေါ်၍လာလိမ့်မည်ဟု မယုံကြည်သော စိတ်ရှိကြောင်းကို သိသာလေသည်။ ၎င်းမယုံကြည်သောစိတ်သည် မထင်ရှား မသိသာသော်လည်း အဟုတ်တကယ်ရှိသဖြင့် ရောဂါကို ဝေးအောင် မောင်းနှင်ထားနိုင်လေသည်။

အချို့သောလူချမ်းသာတို့သည် မိမိတို့၏ သားသမီးအတွက် စိုးရိမ်ကြောင့်ကြခြင်း လွန်စွာကြီးသဖြင့် အနည်းငယ်မျှ လူပ်ရှားခြင်းဖြစ်လျှင် ဆရာဝန်ကို ခေါ်ဖို့ရန် ပြင်ဆင်ကြလေသည်။

၎င်းတို့၏စိတ်၌ ကလေးကလေး မမာနေသောပုံ၊ ဆေးပုလင်းတွေ ဝိုင်းရံ၍နေသောပုံ၊ ဆရာဝန်က ရင်ဘတ်ကိုတီးခေါက်၍နေသောပုံ၊ နားကျပ်နှင့် ဆရာဝန်ဟာ သုတ်သီးသုတ်ပျာ အိမ်ကိုဝင်၍လာပုံတို့ကို စိတ်ထဲမှာစွဲ၍နေပြီး မျက်စိထဲမှာ တရေးရေးမြင်၍ နေတတ်ကြလေသည်။ သို့စွဲသည်သာမက ထိုထက်ပိုမို၍ ကြောင့်ကြပူပန်ခြင်း ကြီး၍လာကြသောအခါ ပန်းရထားကလေးများကိုပင် ထင်ယောင်မြင်ယောင် ဖြစ်တတ်ကြလေသည်။

ထိုစိတ်ဓာတ်တို့သည် မဖြစ်သေးသောအရာကို ဖြစ်အောင် ဖန်တီးသော စိတ်များဖြစ်လေရာ ထင်သလို မြင်သလို ဖြစ်လွယ်ကြသည်မှာ မလွဲနိုင်သော စိတ်ပညာ၏ အလိုသဘောဖြစ်လေသည်။ သို့ဖြစ်သောကြောင့် အကြင်အိမ်သို့ ဆေးဆရာဝန် အလာအရောက်များအံ့၊ ထိုအိမ်မှ ခေါင်းတလား အထွက်အသွား များ

mgyoe.com

တတ်သည်ဟု ယုံကြည်ကြစေသတည်း။

များစွာသောလူချမ်းသာတို့မှာ အိမ်မြောင်စုတ်ထိုးလျှင် ထိတ်၏။ အဝတ်ကို ကြွက်ကိုက်လျှင် လန့်၏။ ကြွက်အော်လျှင် ကြက်သီးထ၏။ နံနက်စောစော မတော် တစ်ဆ တစ်ခုခုကိုမြင်ရလျှင် အမင်္ဂလာဟု အယူရှိပြီး ကြောင့်ကြပူပန်၏။ ကတောက်ကတက် အိပ်မက်မက်လျှင် ဘုရားကိုးဆူ ကပ်ချင်၏။ ဆွမ်းကျွေးချင်၏။ ဘုရားကိုးဆူကပ်ခြင်း၊ ဆွမ်းကျွေးခြင်းမှာမူ မြတ်၏။ သို့သော်လည်း မိမိတို့၏ ကိုယ်ကို မိမိတို့၏စိတ်ဖြင့် ပြုစားခြင်းသည်ကား လွန်စွာကြောက်မက်ဖွယ် ကောင်းသော အကျင့်ဖြစ်လေသည်။

လောကဌ် အဘယ်မျှပင် ချမ်းသာစေကာမူ ထိုကဲ့သို့သော စိတ်မျိုး၏ ညှဉ်းပန်းခြင်းကို ခံ၍နေရချေက စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝခြင်း၌ သုခချမ်းသာကို မခံစားရ။ ဒုက္ခကိုသာ ခံစား၍နေကြရသဖြင့် ထိုကဲ့သို့သောဘဝမျိုးထက် လူဆင်းရဲ လူမွဲတစ်ယောက်ဖြစ်၍ နေရခြင်းက ပိုမို၍ချမ်းသာဖွယ်ရာ ရှိလေသည်။

စိတ်ပညာ လောကဓာတ်ဆရာတို့သည်ကား မကြာမီ ဆေးဆရာတို့၏ ခေတ် ကုန်လိမ့်မည်ဟု အယူရှိကြလေသည်။ အကြောင်းမူကား သတ္တဝါတို့သည် ရောဂါအန္တရာယ်ကို သက်တမ်းနှင့်အမျှ ကွယ်ကာနိုင်သော စိတ်ထားနည်းကို တတ်သိနားလည်သောခေတ်ကြီး ရောက်၍လာလိမ့်မည်ဟု ၎င်းပညာရှိများ အယူရှိကြလေ သည်။ ယခု ကျွန်ုပ်တို့၏ ခေတ်အခါသမယ၌ပင် မစ္စတာဂန္ဒီသည် ဆေးပညာကို မယုံကြည်သူတစ်ယောက် ဖြစ်လေသည်။

အကြောင်းမူကား လူ၏စိတ်၌ ရှိသော တန်ခိုးသတ္တိသည် ဆေးပင်ဆေးမြစ် အပေါင်းတို့ထက် ထူးကဲလေသည်။ လူတို့၏ အတွင်းသန္တာန်၌ အသက်အားကိုဖြစ် စေ၍ အမြဲပြုပြင်ပျိုးထောင်နိုင်သော မကုန်မခန်းနိုင်သော သတ္တိတန်ခိုး၏ စမ်းတွင်း သည်ရှိ၏။

ပွဲလမ်းသဘင်၊ ပျော်ပွဲရွှင်ပွဲကြီးများ၊ အကြီးအကျယ် နီးကပ်၍လာသော ကြောင့် ထိုပွဲကြီး၌ ပါဝင်ကြည့်ရှုလိုသောစိတ်သည် လွန်စွာလွှမ်းမိုး၍နေသည့်အခါ နာဖျား၍ ၎င်းပွဲကိုမကြည့်ရဘဲ နေသူတို့သည် နည်းပါးကြလေသည်။ သို့ဖြစ်၍ ရပ်ရွာ၌ ကပ်ရောဂါများ ဖြိုးဖြိုးဖြောက်ဖြောက် ဖြစ်ပေါ်၍လာသည့်အခါများ၌ မဝေး လွန်းသော ရက်ကိုချိန်း၍ အဘယ်နေ့မှာ ကိုဘိုးစိန်ကြီး၊ ကိုစိန်ကတုံးကြီး၊ ပဲခူး မယ်ကြော့၊ ကိုဖုံးမိုကြီး၊ မစိန်သုံးကြီး စသည့် ပျော်ပွဲသဘင်ကြီးများကို ကျင်းပက ပြလိမ့်မည်ဟု အကြီးအကျယ်ကြော်ငြာပြီး အကြီးအကျယ်ပြင်ဆင်ကြမည်ဆိုလျှင် ရောဂါဖြစ်မှာကို မလိုလားသောစိတ်၏ တွန်းလှန်ခြင်း၊ အပျော်ဖြင့် အကြောက်ကို

mgyoe.com

နိုင်ခြင်း၊ ရောဂါဖြစ်မှာကို မျှော်၍ပူပင်ကာ ရောဂါကို မိမိတို့ထံသို့ ခေါ်ငင်သောစိတ် ထက် အပျော်ကို တောင့်တခေါ်ငင်၍နေသောစိတ်က ပိုမိုထက်သန်၍လာခြင်းကြောင့် ရောဂါများ ကင်းရှင်းပပျောက်နိုင်ကြလေသည်။

အခါများစွာ ကြာမြင့်စွာစွဲကပ်၍နေသော ဝေဒနာသည်တို့မှာ မိမိတို့ကိုယ်တိုင် မလုပ်လျှင်မပြီးသော ကြီးလေးသောတာဝန်ကြီးတစ်ခုခု ပေါ်လာခြင်းကြောင့်လည်းကောင်း၊ ဆွေမျိုးတစ်ယောက်ယောက် သေဆုံးသဖြင့် ဥစ္စာကြေးငွေတို့ကို မိမိကိုယ်တိုင် ကြီးကြပ်ထိန်းစောင့်စီမံမှ ဖြစ်မည့်တာဝန်ကြီးမျိုးပေါ်၍ လာသဖြင့်လည်းကောင်း၊ နိုင်ငံရေးဖြစ်စေ၊ အခြားအရေးကိစ္စတစ်ခုခုနှင့်ဖြစ်စေ ပတ်သက်၍ မိမိကိုယ်တိုင် ပရိသတ်ဗိုလ်ပုံအလယ်သို့ ဝင်ရောက်ပြောဆိုရန် အရေးပေါ်လာသဖြင့်လည်းကောင်း၊ မိမိတို့၏ရောဂါကို တွေးခွင့်မရ။ ထိုအရေးကိစ္စကြီးများအတွက် ပူပန်ရခြင်းက ပိုမို၍ကြီးကျယ်သဖြင့် နှစ်ရှည်လများ စွဲကပ်၍နေသော ရောဂါကြီးများပင်လည်း တစ်နာရီ၊ နာရီဝက်အတွင်း ချက်ချင်းပင် ပျောက်ကင်းချမ်းသာ၍ သွားကြသည့် အကြောင်းများကို ကြားရဖူးလေသည်။

သို့ဖြစ်၍ "အမယ်လေး ...အလန့်တကြား လုပ်လိုက်တာ၊ ငါ ခေါင်းကိုက်တာတောင် ဘယ်ကိုရောက်သွားမှန်း မသိပါဘူး" ဟူသော စကားမျိုးကို မကြာမကြာ ကြားရဖူးလေသည်။

များစွာသော ဆင်းရဲသူ ဆင်းရဲသားတို့မှာ "သမုဒ္ဒရာ–ဝမ်းတစ်ထွာ၏"အရေးက ကြီးမားလျက် မိမိတို့ကို မှီတွယ်၍နေသူတို့က များပြားသောကြောင့် နာဖျားခွင့်မရဘဲနေကြလျှင် ထိုမျှလောက် တာဝန်မကြီးဘဲ တစ်ခါတစ်ရံ တစ်လကိုးသီတင်း နာဖျား၍နေဖွယ်ရာ အကြောင်းရှိသူတို့မှာ တာဝန်ကကြီးသဖြင့် မနာမဖျားအားဘဲ နေကြရလေသည်။

ထိုကဲ့သို့ဖြစ်ရခြင်းသည် "မလုပ်ဘဲ မနေရ"ဟူသောစိတ်မှ ပေါ်ထွက်သောအံ့ဖွယ်သော သတ္တိတန်ခိုး ဖြစ်လေသည်။ ကျွန်ုပ်တို့အခက်အခဲတွေ့ကြုံလျက် အဘယ်နေရာကမှ အထောက်အပံ့မရသည့်အခါ ထိုအံ့ဖွယ်သော တန်ခိုးသတ္တိအစွမ်းဖြင့် ခက်ခဲခြင်းကို နိုင်နင်းတတ်ကြလေသည်။

ကမ္ဘာပေါ်၌ ကြီးကျယ်သော အရာများစွာတို့မှာ "မလုပ်ချင်မနေရ"ဟူသောရင်းသတ္တိ၏ အစွမ်းကြောင့် ဖြစ်မြောက်ပေါ်ထွန်း၍ လာကြရလေသည်။ ထိုစိတ်သည် လူတို့ကိုစေခိုင်းသော အကြီးဆုံးသော အာဏာပိုင်ဖြစ်၏။ ရေမြေကို အစိုးရသော ဘုရင်မင်းမြတ်တို့၏အာဏာသည် ထိုအာဏာလောက်မကြီးချေ။ ထိုအာဏာ၏ စေခိုင်းခြင်းကိုခံရသောအခါ၌ လူသတ္တဝါတို့သည် အံ့ဖွယ်သရဲဖြစ်သောအရာ

mgyoe.com

တို့ကို ပြုလုပ်စွမ်းဆောင်နိုင်ကြလေသည်။

လောက၌ ကြီးပွားလျက် လူတစ်လုံးလုပ်နိုင်ရန် ကိုယ်စွမ်းကိုယ်စဖြင့် ထင်ပေါ်ကျော်စောခြင်းအခြေသို့ ရောက်ကြကုန်သောသူ ဟူသမျှတို့၏စိတ်၌, ငါမလုပ်လျှင် မနေရ၊ ငါတစ်ခုခုကို ဖြစ်မြောက်အောင် မလုပ်ဘဲမနေနိုင်၊ ငါ ဖြစ်မြောက်အောင် လုပ်ရမှအေးမည်"ဟူသော စိတ်တစ်ခုသည် သံချွန်ပမာ နှလုံးကို ထိုးဆွခိုင်းစေ၍ပင် နေ၏။

ဤစာကိုဖတ်သော အကြင်သူသည် ကြီးပွားလိုသူတစ်ယောက် ဖြစ်ချေကငင်း၏စိတ်၌ ထိုကဲ့သို့ ဆွနှိုးစေခိုင်း၍နေသော အာဏာပိုင်စိတ်သံချွန်သည်"လုပ်ရမည်၊ လုပ်ရမည်၊ မလုပ်ဘဲမနေရ"ဟူသော အာဏာကို ပေး၍နေပါသလော၊ သို့တည်းမဟုတ် ထိုအာဏာပိုင်စိတ်သည် အိပ်ပျော်၍နေလေသလောဟု စဉ်းစားရန်သာ ရှိလေရာ နှိုးဆွသော "Must" ဟူသော အာဏာပိုင်စိတ်သည် အမိန့်ကို အမြဲပေးနေချေက မသေလျှင် ကြီးမြင့်ရမည်ကို စိတ်ချလက်ချ ယုံကြည်ကြစေသတည်း။

ဒဂုန်မဂ္ဂဇင်း၊ အမှတ် ၇၁၊ ဇူလိုင်လ။

❑

mgyoe.com

mgyoe.com

# သာယာခြင်း

သာယာသော တောတောင်စိမ့်မြိုင်ဟုထင်ရသော်လည်း
နှိပ်စက်ခြင်းခံနေရသော သားကောင် သတ္တဝါများသည်ကား
ထိုတောတောင်အတွက် အဘယ်သို့ရှိမည်နည်း

တစ်နေ့က သူငယ်တစ်ယောက်သည် ကျွန်ုပ်အား ကန်တော်ကြီးဘက်၌ လေညင်းခံရင်း စကားစမြည်ပြောရအောင် လျှောက်ပါလားဆရာ၊ ကျုပ်က စိတ်မပါ ပါဘူးကွယ်ဟု ပြောလိုက်လေသည်။ ထိုအခါ ၎င်းလူငယ်က ဆရာရေးတာတွေနဲ့ ဆန့်ကျင်သလို ဖြစ်နေတာပေါ့ဟု ပြောရာ ကျွန်ုပ်က အင်း ...ဒီလိုကျနေတာပဲဟု ပြောလိုက်လေသည်။

၎င်းသူငယ်၏စိတ်၌ ကန်တော်ကြီးစောင်း ညနေအချိန် လေညင်းခံခြင်းသည် စိတ်ကို သာယာလတ်ဆတ်စေသည်။ ပျော်ရွှင်ဖွယ်လည်း ကောင်းသည်။ သို့ပါလျက် အိမ်မှာကုပ်၍နေသည်မှာ စိတ်လက်မရှင်းခြင်းကြောင့် ဖြစ်သည်ဟု မှတ်ထင်ဟန် ရှိလေသည်။

၎င်း၏စိတ်၌လည်း ကန်တော်ကြီးစောင်း၏ သာယာခြင်းကို နှစ်လို၍ ကျွန်ုပ်ကို ထိုနေရာသို့ ဆွယ်ခြင်းမဟုတ်၊ ကျွန်ုပ်နှင့် စကားပြောလိုသောကြောင့် ဆွယ်ခြင်းမျှသာ ဖြစ်လေမည်။

လောကဓာတ်ရှုမျှော်ခင်းတို့၏ သာယာခြင်းဆိုသည်မှာ စင်စစ်မရှိသော အရာဖြစ်လေသည်။ မြင်နေကျလျှင် ရိုး၏။ အရမ်းအကျိုးအကြောင်း ဆင်းရဲကုပ် စုတ်စွာ နေကြရသူများ၏စိတ်၌ ကန်တော်ကြီးစောင်းသည် ထိုမျှလောက် သာယာ မည်မဟုတ်ပေ။

မြို့သူများ လယ်တောကို တစ်ခါတစ်ရံ ရောက်သည့်အခါ ညနေချမ်းအချိန်

mgyoe.com

mgyppe.com

တိမ်နီ၊ တိမ်ဝါ၊ တိမ်ပြာ၊ တိမ်ညို အတန့်အတန့်ခြယ်သော ကောင်းကင်ကို ကြည့်ရခြင်းသည် ကြည်နူးဖွယ်ဖြစ်၏။ ညနေချမ်း လေပြည်၏ သန့်ရှင်းသောအရသာကို ခံယူရှူရှိုက်ရခြင်း၌ ချမ်းမြေ့နှစ်ခြိုက်သည် ထင်၏။ လယ်တောဌ် ပင်ပန်းစွာ လုပ်ကိုင်နေထိုင်ရသူများမှာကား ငြီးငွေ့သွေ့ခြောက်၍ နေကြလေသည်။

ပင်လယ်ကမ်းကွေ့၌ တံငါလှေကလေးများကို နေဝင်ရီတရောအချိန်၌ မြင်ရခြင်းသည် ကြည်နူးဖွယ်ဖြစ်၏။ ရေရောင်နှင့် ညိုပြာညက်သော ကျောပြောင်တံငါမှာကား သာယာဖွယ်မှတ်ထင်မည် မဟုတ်ပေ။ တောင်တောင်၌ ဥချိုးကူသံကလေးကို ကြားရသောအခါ သာယာသော ဘာသာတေးဟု ပြောလေ့ရှိကြ၏။ ဥချိုးမှာကား ကူရာ၌ သာယာချင်မှ သာယာချေမည်။

အကြောင်းမူကား လျှိုမြောင်ချောင်ကြား ချောက်ကမ်းပါး၌ ရင်အုံသားကို ဆား၊ နန္ဒင်းနယ်ကာ ဝါးညှပ်နှင့် အကင်ခံ၍နေရသော ကြင်ဖော်ကို တမ်းတ,ကာ လောင်မီးကျ၍ နေရှာလေသလားဟု မည်သူသိနိုင်ပါမည်နည်း။

နံနက်စောစော အိပ်ရာမှ ထသောအခါ ကျိုးကျိုးကျွတ်ကျွတ် စာကလေးငှက်တို့၏ မြည်သံကိုကြားရသဖြင့် စိတ်နှလုံး ရွှင်ပျတတ်၏။ စာကလေးများမှာကား ဝမ်းစာမဝ၊ ဘယ်ဆီကို ပျံသန်းကာ စပါး ဆန် တစ်လုံးနှစ်လုံးကို ရအောင်ရှာရပါမည်နည်း။

လက်သရမ်းသော ကျောင်းသားသူငယ်၏ လောက်လေးဖြင့် ဦးခေါင်းကြွေကာ မြေမှာလူး၍နေသော စာသူငယ်အတွက် ရတက်မီးပွား၊ အပူကြီးမားသော မိခင်တို့၏ အသံများလည်း ပါဝင်နိုင်လေသည်။

ထိုထိုသာယာသော တောတောင်များ၌လည်း မသာမယာ၊ ခါချဉ်အုံအနီး၌ မချိမဆန့် တွန့်ကာ ခါချဉ်တို့၏အစာဖြစ်၍နေသော ငှက်သူငယ်၊ ပန်းလိပ်ပြာ၊ ပိုးကောင်တွေ ဖြာဖြာနှင့် ဒဏ်ရာအနာကို ခံရသော တောကောင်သတ္တဝါများစွာ တွေ့ရှိကြလေရာ အမြင်အားဖြင့် သာယာသော တောတောင်စိမ်းစိုရောင်မှာ မသာမယာ စစ်ခင်းလျက် အပြင်းအထန် တစ်ကောင်ကို တစ်ကောင်သတ်၍ နေကြသော တိရစ္ဆာန်တွေ အဘယ်မျှလောက် များပေမည်နည်း။ အဘယ်မှာလျှင် သာယာကြည်နူးဖွယ်ရာ ရှိပါသနည်း။ လောကဓာတ် တောတောင်ကို ရှုကာ ကြည်နူးသဖြင့် စာစပ်သည့် ကဗျာဆရာတို့သည် လောကဓာတ်ကို ထွင်းဖောက်သော မျက်လုံးနှင့် မကြည့်ကြဘဲ အပေါ်ယံဖြစ်သော လောကဓာတ်အရောင်တင်ကလေးကိုသာ ရှုမြင်ကြလေသည်။

အဘယ်မျှလောက် သာယာသော တေးဖြစ်စေကာမူ စိတ်နှလုံးမသာမယာ

mgyppe.com

mgyoe.com

ခိုက်မှာ အဖန်တလဲလဲ ကြားရချေက ထိုတေးကို နှောင် ထပ်ကာထပ်ကာ ကြားရသမျှအခါတိုင်း စိတ်မချမ်းမသာ ဖြစ်တတ်လေသည်။ စိတ်နှလုံး သာယာခိုက်မှာ ခွေးနှစ်ကောင် ကိုက်သည့်အသံသည် ဂီတသံဖြစ်နိုင်လေသည်။

လောက၌ အသာယာဆုံးသောနေရာသည် သာယာသောအိမ်ဖြစ်၏။ စာကို ဝါသနာပါသူသည် နံနက်စာ၊ ညစာ လုံလောက်သောအိမ်၌ ဖတ်၍နေရသည့်အခါ ကန်တော်ကြီးစောင်းကို သွားရသည်ထက် သာယာလေသည်။

စိတ်နှလုံးချမ်းမြေ့သာယာခြင်းကို အိမ်အပြင်၌ထွက်၍ ရှာသူများသည် အိမ်ကို သာယာအောင် မလုပ်လိုသူများ ဖြစ်ကြလေသည်။ အိမ်သာယာက အဘယ်ကိုမှ သွားဖို့မလိုပေ။ အိမ်မသာယာက လောကကြီးတစ်ခုလုံးမှာ သာယာတော့မည် မဟုတ်ပေ။ လေလွင့်သူဖြစ်၍နေမှသာ အတော်အတန် သက်သာရာ ရပေလိမ့်မည်။

ကျွန်ုပ်တို့လည်း ပျို့ရွယ်စဉ်အခါ သားမယားကို အိမ်မှာထားပြီး လည်ရပတ်ရမှ ပျော်၏။ အိမ်ကို စားဖို့နှင့် အိပ်ဖို့ နေရာကဲ့သို့ သဘောထားခဲ့လေသည်။ စားသောက်ပြီးသည်နှင့်တစ်ပြိုင်နက် အခြားကို သွားလေ့ရှိခဲ့၏။ ထိုအကျင့် စွဲသည့်အခါ အိမ်မှာရပ်တည်၍ မနေနိုင်။

ကိုယ့်သား၊ ကိုယ့်မယား၊ ကိုယ့်အိမ်ထက် အခြားနေရာတစ်ခုခုကိုဖြစ်စေ၊ အခြားအိမ်တစ်အိမ်ကိုဖြစ်စေ၊ ပိုမို၍ သာယာသည်ဟု မှတ်ထင်ခြင်းသည် ရူးမိုက်ခြင်းဖြစ်သည့်အပြင် အချိန်ကို အကျိုးမဲ့အလဟဿ ဖြုန်းခြင်းဖြစ်လေသည်။

မိမိ၏အိမ်မှာ မိမိထင်သလို နေနိုင်၏။ လုပ်ချင်ရာကို လုပ်နိုင်၏။ အနှောင့်အယှက်ကင်းစွာ ကြံချင်ရာကို ကြံနိုင်လေသည်။

အိမ်သည် ကြီးပွားခြင်း၏အခြေဖြစ်၏။ ကြီးပွားတိုးတက်ခြင်း၏ ရေသောက်မြစ်သည် အိမ်မှာရှိ၏။ အိမ်သည် ပွားရာ တိုးရာနေရာ ဖြစ်လေသည်။

လောက၌ အိမ်ထက်သာယာသောနေရာ မရှိပေ။ အိမ်သာလျှင် ကိုယ်နှင့်စိတ်ကို ချမ်းသာစေ၏။ ယောကျ်ားပျို့ ငယ်ရွယ်သူများသည်လည်း အများအားဖြင့် မိဘ၏အိမ်ထက် အခြားအရပ်၊ အခြားနေရာကို ပိုမို၍ကောင်းလိမ့်မည်ဟု မှတ်ထင်ကာ မိဘ၏အရိပ်အောက်မှ ထွက်ခွာကြလျက် စိမ်းကားသော လောကကြီး၌ ခါး၊ စပ်၊ ချဉ်၊ ငန်သော အတွေ့အကြုံကို ရှာတတ်ကြ၏။ သို့ရှာရာ စိမ်းကားသော လောကကြီးနှင့် ရင်ဆိုင်တွေ့ရသောအခါကျမှ မိဘ၏အရိပ်ထက် သာယာရိပ်ငြိမ်သော အရိပ်အာဝါသသည် အဘယ်မှာမျှ မရှိကြောင်း ကိုယ်တွေ့ကြုံကာ မိဘထံပြန်လာတတ်ကြလေသည်။ သို့ဖြစ်လေရာ မည်သူမဆို ပျိုသည်ဖြစ်စေ၊ အိုသည်ဖြစ်စေ အိမ်ကို သာယာအောင်လုပ်ကာ အိမ်မှတစ်ပါး အခြားပျော်စရာနေရာ မရှိ

mgyoe.com

သကဲ့သို့ သဘောထားကြီးကြလျက် ကြီးပွားခြင်း၏အခြေကို သာယာသော အိမ်၌ စိုက်အပ်ကြလေသည်။ အကြံအစည်၊ အလုပ်အကိုင်၊ စွန့်စားခြင်းတစ်ခုခု မရှိဘဲလျက် အိမ်ကို မစွန့်အပ်ပေ။

ဘားမားဂျာနယ်၊ အမှတ်(၄၀)၊
၆၊ မတ်လ၊ ၁၉၃၇။

❑

mgyoe.com

mgyoe.com

# အချစ်စိတ် ဆိုင်ကိုလိုဂျီ
# Psychology of Love

အချစ်သည် အများအားဖြင့် တဏှာနှင့် ရောပြွမ်းလျက်ရှိတတ်၏။ တစ်ထောင့်ငါးရာ ကိလေသာသည် အခါများစွာ အချစ်၏ရေသောက်မြစ်ကြီး ဖြစ်တတ်လေသည်။

သို့သော်လည်း ၎င်းကိလေသာ တဏှာစိတ်သည် အချစ်ဟူသမျှ၌ အခါခပ်သိမ်း သိသိသာသာ မထင်ပေါ်တတ်ချေ။ သို့မထင်ပေါ်သော်လည်း ထိုကိလေသာစိတ်သည် အတွင်းစက်လှည့်၍ နေတတ်လေသည်။

အချစ်ကို ငွေနှင့် ဝယ်၍မရချေ။ လူတစ်ယောက်က အခြားတစ်ယောက်အား စိန်ရွှေပစ္စည်း စသည်တို့ကို ပေးကမ်းသဖြင့် အပေးခံရသူက ပေးသူကို ချစ်တတ်သော်လည်း ထိုအချစ်သည် တကယ်အချစ်မဟုတ်၊ ကျေးဇူးကြောင့် ထောက်ထားလေးစား နှုတ်ခမ်းဖျားမှာ ချစ်သောအချစ်မျှ ဖြစ်လေသည်။

တကယ်ချစ်ခင်သော စိတ်သည်ကား တစ်စုံတစ်ရာကိုမျှ မပေးကမ်းဘဲလျက် ချစ်နိုင်လေသည်။

သားနှင့်အဘ၊ အမေနှင့်သမီး၊ ညီမနှင့်အစ်မ၊ ညီနှင့် အစ်ကိုတို့၏ ချစ်ခြင်းမှာ ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မေတ္တာစိတ်နှင့် ချစ်ကြသော်လည်း အဘနှင့် သမီး၊ အမေနှင့်သား၊ မောင်နှင့်နှမတို့၏ အချစ်မှာမူကား ငါးရာနှစ်ဆယ်ထဲတွင် ထောင့်ငါးရာစိတ်ကလေးမကင်းဘဲ ပါဝင်တတ်လေသည်။ သို့သော်လည်း အများအားဖြင့် မသိမသာပါဝင်၍ တစ်ခါခါမှာ သိသိသာသာကြီး ပါတတ်လေသည်။

သို့ဖြစ်သောကြောင့် အဖိုနှင့်အမ ချစ်ခြင်းဟူသမျှမှာ ထောင့်ငါးရာပင်ရင်းလည်း မကင်းမရှင်း ထိမိတို့မိလျှင် မရှင်းမလင်းအောင် ကမြင်းကြောထောင်တတ်လေသည်။

mgyoe.com

ထိုကမြင်းကြောသည် သွေးရင်းသားရင်း စပ်ကြား၌ မထင်ရှားလှသော်လည်း မောင်နှမအရင်းမှ ဝမ်းကွဲဖြစ်၍ သွားသည့်အခါ သိသာထင်ရှား ငြိစရာအသွင်ကို ပွားစေတတ်လေ၏။

ယောက္ခမ ယောကျ်ားကြီးသည် အများအားဖြင့် ချွေးမနှင့်တည့်သဖြင့် သမီးရင်းချာပမာ ရင်သွေး၊ ဘဝင်နွေးအောင်၊ ချစ်ရေးပိုမိုတတ်လေ၏။ ယောက္ခမ မိန်းမသူကြီးများမှာမူကား သားမက်ကို အသက်လိုချစ်သော၊ အသည်းညှာမှာ ချာချာမွှေအောင် အချစ်ကြိုးနှောင်တတ်လေသည်။ ထိုထက်သာ၍ ထင်ရှားသောအရာမှာမူကား ခယ်မနှင့် ခဲအို ဖြစ်တတ်လေရာ မကြာမကြာ တွဲလို၊ နွဲ့လိုသော အစွဲပိုတတ်ကြသဖြင့် ခဲအိုဟာ ခဲအိုးဖြစ်ကာ ခယ်မမှာ ခဲမအဖြစ်သို့ တစ်တစ်ခွခွ ရောက်တတ်ကြသည်ကို မကြာခဏ ကြားရဖူးလေသည်။

၎င်းအချစ်၌ ထူးဆန်းသောအရာမှာ ပျိုရွယ်နုနယ် အသက်ငယ်သော တစ်ဆယ့်လေးငါးနှစ်သား၊ တစ်ဆယ့်လေးငါးနှစ်သမီး ယောကျ်ားပျို၊ မိန်းမပျိုကလေးများ အချင်းချင်းချစ်ကြသည့် ၎င်းတို့၏အချစ်သည် အလွန်တစ်ရာ သန့်ရှင်းအပြစ်ကင်းလျက် နှစ်ယောက်အတူ နီးနီးကပ်ကပ် စကားပြောဆို၍နေရလျှင် ကျေနပ်လျက်နိဗ္ဗာန်ကို နီးကပ်၍နေကြလေသည်။ ၎င်းတို့၏စိတ်၌ တစ်ယောက်၏မျက်နှာကိုတစ်ယောက်ကြည့်ကာ ချစ်၍သာနေချင်၏။ ထိုထက်ပိုမိုသော ပလီပလာ၊ မသတီစရာ၊ ကလီကမာစိတ်မျိုး များစွာပေါ်ပေါက်မှု မရှိချေ။ ဤကား ကျွန်ုပ်တို့ငယ်ရွယ်စဉ်က စိတ်နှင့် နှိုင်း၍ ပြောရခြင်းမျှဖြစ်လေရာ ယခုကာလ နောက်ပွားနောက်ပေါက်ယောကျ်ားနောက်နောက်ကလေးများနှင့် အချိန်ပေးတတ်စွာသော မိန်းကလေး ရုပ်ပလာတို့မှာမူကား ခေတ်အလျောက် တတ်ရှာ၊ နပ်ရှာကြသဖြင့် ကပ်ခါများ နှုးကြလျှင် စူးစူးရှရှ ချစ်ကြိုက်၍ သွားတတ်သည်ဟု ကြားရဖူးလေသည်။

ထို့ပြင် ငယ်သူတို့၏အချစ်နှင့် ကြီးသူတို့၏အချစ် ခြားနားပုံမှာ အသက်နှစ်ဆယ်မကျော်သေးသော ငယ်ရွယ်သူတို့သည် မျက်နှာလှလှကလေးကိုမြင်၍ ချစ်တတ်လေရာ ထိုထက်ကြီး၍ လူလားမြောက်သည့်အခါ ယောကျ်ားသည် မိန်းမမျက်နှာကို ကြည့်၍ ကြိုက်သည်ထက် မိန်းမ၏ ခါး၊ တင်၊ ရင်ဘတ်၊ အဟိုက်အကျ၊ အလျောအတက်၊ အတင်းအပြည့်တို့ကိုကြည့်ကာ ချစ်ကြိုက်တတ်လေသည်။

တစ်ရံတစ်ခါ အရွယ်ကောင်းစွာ မရောက်သေးသော ယောကျ်ားကလေး မိန်းကလေးတို့သည် မိမိတို့ထက် အနှစ်အစိတ်နှစ်ဆယ် ပို၍ ကြီးသူများကို တိတ်တဆိတ်ကြိုက်၍ နေတတ်ကြလေသည်။

ဥရောပတိုင်း၌ မင်းသားတစ်ပါး မင်းမြောက်တန်ဆာကို ဆင်ကာ သရဖူကို

mgype.com